မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ခန္ဓာငါးပါးကို မပြတ်ရှုမြင်

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်ရသောပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၃)

၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၄ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၆၂)၊ အမှတ် (၀၆၅)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

မသန်စွမ်းသူများအတွက် ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်းနှင့် အခြားလုပ်ငန်းစဉ်များမှတစ်ဆင့် လေ့ကျင့်ပျိုးထောင်ပေးမှုများနှင့် စွမ်းဆောင်ရည်ပြည့်ဝစေပြီး မသန်စွမ်းသူများကို ပတ်ဝန်းကျင်နှင့် လူ့အဖွဲ့အစည်းတွင် ပါဝင်ခွင့်ရရှိရေး အလေးထားဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၃

၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၂ ၌ ကျင်းပရာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းတက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊

စာမျက်နှာ ၃ ကော်လံ ၁ ❖

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် မသန်စွမ်းသူများနှင့် သက်ဆိုင်သော စာအုပ်များကို ကြည့်ရှုစဉ်။

ယနေ့ ဖတ်စရာ

(၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲအား ဂုဏ်ပြုကြိုဆိုခြင်း — ဆောင်းပါး — စာ ၁၀

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ — ဆောင်းပါး — စာ ၁၆

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောင်းသီးနှံ ဧက ၅၂ သိန်းကျော် စိုက်ပျိုးပြီးဖြစ် — စိုက်၊ မွေး၊ စီးပွား — စာ ၂၁

ဒေသအကျိုး၊ ပြည်သူလူထုအကျိုးအတွက် နိုင်ငံရေးလမ်းကြောင်းမှ ငြိမ်းချမ်းစွာ လျှောက်လှမ်း

ငြိမ်းချမ်းရေးသည် မိမိတို့နိုင်ငံအတွက် အဓိကအကျဆုံးလိုအပ်ချက်ဖြစ်သကဲ့သို့ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လိုလားချက်လည်းဖြစ်သည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ငြိမ်းချမ်းပြီ၊ စည်းလုံးညီညွတ်မှုရရှိပြီဟုဆိုနိုင်သည်နှင့် မကြာမြင့်သောကာလအတွင်း အိမ်နီးချင်းနိုင်ငံများနှင့် ရင်ပေါင်တန်းကာ စုပေါင်းကြိုးပမ်းအားထုတ်ကြသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှုမြင့်မား၍ ထိပ်တန်းသို့ရောက်ရှိသွားမည်မှာ သေချာသည်။

သို့ဖြစ်ရာ ပြည်ထောင်စုဖွားတိုင်းရင်းသားများဖြင့် စုစည်းထားသည့် တပ်မတော်သည် ပြည်တွင်းငြိမ်းချမ်းရေးရရှိနိုင်ရန်အတွက် ငြိမ်းချမ်းရေးမူဝါဒ (၆) ရပ်ဖြစ်သော (၁) ငြိမ်းချမ်းရေးရယူရန်အတွက် ဆန္ဒအမှန်ရှိရန်၊ (၂) သဘောတူစာချုပ်ပါကတိကဝတ်များကို မဖောက်ဖျက်ရန်၊ (၃) ငြိမ်းချမ်းရေးသဘောတူညီချက်အပေါ် အမြတ်မထုတ်ရန်၊ (၄) ဒေသခံများအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်၊ (၅) တည်ဆဲဥပဒေများအပေါ် လေးစားလိုက်နာရန်၊ (၆) ဒို့တာဝန်အရေးသုံးပါးနှင့် ဒီမိုကရေစီအနှစ်သာရကို လက်ခံပြီး ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ဒီမိုကရေစီလျှောက်လှမ်းနေမှုတွင် လိုက်ပါလုပ်ဆောင်ရန်ဆိုသည့်အချက်များကို ချမှတ်၍ နိုင်ငံတော်အစိုးရ၊ ပြည်သူတို့နှင့်အတူ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

"ငြိမ်းချမ်းမှုမရှိသည့် ဒေသတွင် ဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာ အလှမ်းဝေးနေမည်ဖြစ်သကဲ့သို့ ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသည်များလည်း နိမ့်ကျနေမည်ပင်ဖြစ်ကြောင်း၊ တိုင်းရင်းသားပေါင်းစုံနှင့် စုစည်းထားသည့် မိမိတို့တပ်မတော်အနေဖြင့် လူမျိုးရေးခွဲခြားမှုဆိုသည်မှာ လုံးဝမရှိဘဲ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် တိုင်းရင်းသားများ၏ လူမှုအကျိုးစီးပွားတိုးတက်မှုကိုသာ အဓိကလိုလားသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း"နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၄) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားမိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့ပြီး "ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ လက်တွေ့ကျကျ တိုးတက်လာနိုင်စေရေး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လျက်ရှိရာတွင် ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံပြီး ဒေသနှင့်တိုင်းပြည်အတွက် ပကတိလိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း၊ ထိုသို့ဆွေးနွေးရာတွင်လည်း ပြည်သူလူထုနှင့် နိုင်ငံတော်အတွက် ရလဒ်ကောင်းများ ရရှိခဲ့ကြောင်း" ဖြင့်လည်း ပြောကြားခဲ့သည်။

လာမည့် ၂၀၂၃ ခုနှစ် ဧန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့် လွတ်လပ်ရေးနေ့သည် မိမိတို့နိုင်ငံ၏ (၇၅) နှစ်မြောက် လွတ်လပ်ရေးနေ့ဖြစ်ရာ နယ်ချဲ့လက်အောက်မှ လွတ်မြောက်ပြီး မကြာမီမှာပင် ပေါ်ပေါက်လာခဲ့သော ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများသည်လည်း နှစ်ပရိဏာမများစွာကြာမြင့်ခဲ့ပြီဖြစ်သည်။ ဆယ်စုနှစ်များနှင့်ချီ၍ မပြီးနိုင်မစီးနိုင်၊ အဖြေမထွက်နိုင်သည့် လက်နက်ကိုင်သံသရာမှ ရုန်းထွက်ကြရန် အချိန်တန်ပြီ ဖြစ်သည့်အလျောက် တပ်မတော်က ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ကာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဖော်ဆောင်နေခြင်းဖြစ်သည်။

တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက လိုလားတောင့်တကြသည့် ထာဝရငြိမ်းချမ်းရေးကို ရရှိနိုင်ရန်အတွက် ဆန္ဒအမှန်ရှိကြရန်နှင့် ရိုးသားဖြောင့်မတ်ကြရန်သာ လိုအပ်ပြီး တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် ထာဝရငြိမ်းချမ်းရေးဆီသို့ ဆွဲလို့လဝီရိယဖြင့် လျှောက်လှမ်းကြရမည်ဖြစ်သည်။ ဒီမိုကရေစီခေတ်တွင် ဒီမိုကရေစီနည်းလမ်းများအတိုင်း အစိုးရ၊ လွတ်တော်တို့မှ ဒေသအကျိုး၊ ပြည်သူလူထုအကျိုးကို ဆောင်ရွက်နိုင်ကြပြီဖြစ်ရာ လက်နက်ကိုင်လမ်းစဉ်နှင့် လက်နက်ကိုင်ပဋိပက္ခများကို စွန့်ခွာ၍ နိုင်ငံရေးလမ်းကြောင်းပေါ်မှ ငြိမ်းချမ်းစွာ လျှောက်လှမ်းနိုင်ကြပါစေကြောင်း။ ။

အများအားဖြင့် သာယာမည်

နေပြည်တော် ဒီဇင်ဘာ ၃

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဧလ**

မသန်စွမ်းသူများကို နှစ်စဉ် ငွေကြေးများထောက်ပံ့ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိ

လွိုင်ကော် ဒီဇင်ဘာ ၃

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မသန်စွမ်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ပြည်နယ်အနေဖြင့် မသန်စွမ်းသူများကို နှစ်စဉ် ငွေကြေးများ ထောက်ပံ့ခြင်း၊ ချိုင်းထောက်၊ လက်ထောက်၊ ခြေတုနှင့် ဝီးချဲ့များ ထောက်ပံ့ပေးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရေးအတွက် အသက်မွေးဝမ်းကျောင်း ပညာသင်တန်းများ တက်ရောက်စေပြီး စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီများနှင့် ချိတ်ဆက် ဆောင်ရွက်ပေးခြင်း ၊ ပြည်တွင်းပြည်ပ အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ကူညီပံ့ပိုးပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့နှင့် အတူ သက်ဆိုင်ရာဌာနများက စေတနာ့ဝန်ထမ်းအဖွဲ့များ၊ မသန်စွမ်းသူ အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ Video Clip နှင့် ကုလသမဂ္ဂ၏ သဝဏ်လွှာ Video Clip များကို ကြည့်ရှုကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ဖြစ်သည့် မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ သံပြားပစ်၊ သံလုံးပစ်၊ လှံတံပစ်၊ ကြက်တောင်ရိုက်နှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများ ချီးမြှင့်ပေးအပ်သည်။ **(အပေါ်ပုံ)**

ၔင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုရရှိသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးစကား ပြောကြားကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ပန်းခင်းစီမံချက် အဆင့် (၂) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ "ဝ"အထူးဒေသ (၂) နမ့်တစ်မြို့တွင် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိ

ဟိုပန် ဒီဇင်ဘာ ၃

ပန်းခင်းစီမံချက်အဆင့်(၂) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဟိုပန်ခရိုင် ဦးစီးမှူး ဦးမျိုးညွန့် (ဒုတိယညွှန်ကြားရေးမှူး)ဦးဆောင်၍ မြို့နယ် ဦးစီးမှူး ဦးဝင်းဦးနှင့် ဝန်ထမ်းများသည် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင် နမ့်တစ်မြို့တွင် နိုဝင်ဘာ ၂၂ ရက်မှစ၍ ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ယနေ့နံနက်ပိုင်းက နမ့်တစ်မြို့ မြို့နယ်ခန်းမတွင် ခရိုင်ဦးစီးမှူး ဦးမျိုးညွန့်၊ ငါးဦးကော်မတီမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နမ့်တစ်မြို့မှ တာဝန်ရှိပုဂ္ဂိုလ်များက ဆောင်ရွက်ပြီးသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို ဒေသခံပြည်သူများအား ပေးအပ်သည်။

နိုဝင်ဘာ ၂၂ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ နမ့်တစ်မြို့ပေါ်ရပ်ကွက် ငါးခုမှ ဒေသခံ "ဝ"၊ လားဟူ၊ ကိုးကန့်၊ ရှမ်း ၊ မြောင်ဇီး လူမျိုးများကို အိမ်ထောင်စု ၆၈၈ ခု၊ နိုင်ငံသားစိစစ်ရေးကတ် အမျိုးသား ၄၄၄ ဦး၊ အမျိုးသမီး ၄၅၄ ဦး စုစုပေါင်း ၈၉၈ ဦးတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ကျန်ရှိသည့် ကျေးရွာများသို့လည်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

နမ့်ဆန်မြို့၌ ပန်းခင်းစီမံချက်(၂) ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေး

နမ့်ဆန် ဒီဇင်ဘာ ၃

ရှမ်းပြည်နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ပန်းခင်းစီမံချက်(၂) ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည့် နိုင်ငံရေးစိစစ်ရေးကတ်များ

ပေးအပ်ပွဲကို ဒီဇင်ဘာ ၁ ရက်က အခြေခံပညာအထက်တန်းကျောင်း ရွှေဖြိုးခန်းမ၌ ကျင်းပသည်။

နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ရာတွင် ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ တာသိန်းဇော်က ပန်းခင်းစီမံချက်ဖြင့် အခြေခံပညာ ကျောင်းသား ကျောင်းသူများအား နိုင်ငံရေးစိစစ်ရေးကတ်ပြုလုပ်ပေးသော လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများအား ကျေးဇူးတင်ရှိကြောင်း ပြောကြားပြီး နမ့်ဆန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးအရာရှိ ဦးတင်ထွန်းလင်းက ပန်းခင်းစီမံချက်(၂)အကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းသန်းထိုက်နှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူ ၃၃၃ ဦးအား နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်သည်။

မြို့နယ်(ပြန်/ဆက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❑ **နိုင်ငံတော်က မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အရင်းမပျောက် မတည်ရန်ပုံငွေကျပ် ၃ ဘီလီယံကို ထုတ်ပေးထား၊ အဆိုပါ မတည်ငွေကို မသန်စွမ်းသူများ၊ မသန်စွမ်းအဖွဲ့အစည်းများကို ထိထိရောက်ရောက်ပံ့ပိုးပြီး တိုးပွားလာသည့် ရန်ပုံငွေကို မသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် မသန်စွမ်းသူများအတွက် အကျိုးပြုလုပ်ငန်းများတွင် အကျိုးရှိအောင် အသုံးပြုသွားကြရန်လို**

❖ *ရှေ့ဖုံးမှ*

ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ NGO ၊ INGO များ၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်မှ တာဝန်ရှိသူများ၊ မသန် စွမ်းသူများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် မသန်စွမ်းမှုဆိုင်ရာ အရေးကိစ္စများကို သိရှိနားလည်နိုင်စွမ်း မြှင့်တင်ရန်၊ မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာ၊ လူ့အခွင့်အရေးများနှင့် ကောင်းကျိုးစီးပွားတို့အတွက် ပံ့ပိုးကူညီ ဆောင်ရွက်နိုင်ရေး စည်းရုံးလှုံ့ဆော်ရန်အတွက် နှစ်စဉ် ဒီဇင်ဘာ ၃ ရက်ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အဖြစ် သတ်မှတ်ပြီး ကုလသမဂ္ဂ၏ ဦးဆောင်မှုဖြင့် ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ် ကျင်းပလျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို ၁၉၉၄ ခုနှစ်က စတင်ပြီး အစဉ်အလာမပျက် ကျင်းပခဲ့ရာ ယခုနှစ်တွင် (၂၉) ကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း။

၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အတွက် ကုလသမဂ္ဂအဖွဲ့ကြီးက သတ်မှတ်ပေးသည့် ဦးတည်ဆောင်ပုဒ်မှာ **"Transformative solutions for inclusive development: the role of innovation in fuelling an accessible and equitable world" "အားလုံးပါဝင် ဖွံ့ဖြိုးဖို့၊ ဆန်းသစ်တီထွင်အဖြေရှာစို့။ အားလုံး လက်လှမ်းမီ ညီမျှရေး၊ တီထွင်ဖန်တီးမှု စွမ်းအားဖြင့် ဆောင်ရွက်ပေး"** ပင် ဖြစ်ကြောင်း။

နည်းပညာ အကူအညီများရယူ

အခြားသော အခက်အခဲနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန်အတွက် တီထွင်ဖန်တီးမှုနှင့် နည်းပညာအကူအညီများကို ရယူသွားရမည်ဖြစ်ကြောင်း၊ နည်းပညာနှင့် တီထွင်ဖန်တီးမှုသည် မသန်စွမ်းသူများအတွက် အလွယ်တကူ လက်လှမ်းမီရယူနိုင်မှု (accessibility)နှင့် အသုံးချနိုင်မှု (usability) များကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ၂၀၀၆ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် ကုလသမဂ္ဂ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်းတွင်လည်း အထောက်အကူပြု နည်းပညာများ ရယူအသုံးပြုနိုင်မှုကို မသန်စွမ်းသူများအတွက် လူ့အခွင့်အရေးတစ်ရပ်အနေဖြင့် အသိအမှတ်ပြုထားရှိကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ်ကို အဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ပြု လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံသည် အာရှပစိဖိတ်ဒေသတွင်း နိုင်ငံဖြစ်သည့်အပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံလည်း ဖြစ်သည့်အတွက် အာရှနှင့် ပစိဖိတ်ဒေသ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အင်ချန်းမဟာဗျူဟာ (၂၀၁၃–၂၀၃၃) နှင့် ASEAN Enabling Master Plan (2025) တို့ကို လိုက်နာအကောင်အထည်ဖော်လျက်ရှိကြောင်း။

အင်ချန်းမဟာဗျူဟာအရ မြန်မာနိုင်ငံတွင် ပထမဆုံးအနေဖြင့် မသန်စွမ်းမှု အဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းကို ကနဦးစီမံကိန်းနယ်မြေ (၄) ခုဖြစ်သည့် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ကရင်ပြည်နယ် ဘားအံမြို့နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တို့တွင် ဆောင်ရွက်လျက်ရှိပြီး တစ်နိုင်ငံလုံးရှိ မြို့နယ်အားလုံးကို လွှမ်းခြုံနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ASEAN Enabling Master Plan (2025) အရ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ (၅) နှစ်စီမံကိန်း (၂၀၂၂ – ၂၀၂၇)ကို အတည်ပြုပြဋ္ဌာန်းထားရှိပြီးဖြစ်ကြောင်း၊ မဟာဗျူဟာ (၅)နှစ်စီမံကိန်း ထိရောက်အောင်မြင်စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက ဦးဆောင်ပြီး လုပ်ငန်းစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း မသန်စွမ်းသူများ လူမှုအဖွဲ့အစည်းအတွင်း ပါဝင်နိုင်စေရေးအတွက် အတားအဆီးကင်းသည့်ပတ်ဝန်းကျင် (Barrier Free Environment)၊ အလွယ်တကူ လက်လှမ်းမီ ရယူအသုံးပြုနိုင်မှု (Accessibility) တို့ကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သကဲ့သို့ သုတေသနလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ဂုဏ်ပြုဆုရရှိသူ တစ်ဦးအား ဂုဏ်ပြုဆု ချီးမြှင့်ပေးအပ်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ အရေးများဆိုင်ရာ အမျိုးသားကော်မတီကို ၂၀၂၁ ခုနှစ်၊ စက်တင်ဘာ ၃၀ ရက်တွင် ပြန်လည်ပြင်ဆင်ဖွဲ့စည်းပြီး မသန်စွမ်းသူများအတွက် ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်းနှင့် အခြားလုပ်ငန်းစဉ်များမှတစ်ဆင့် လေ့ကျင့်ပျိုးထောင်ပေးမှုများနှင့် စွမ်းဆောင်ရည်ပြည့်ဝစေပြီး မသန်စွမ်းသူများကို ပတ်ဝန်းကျင်နှင့် လူ့အဖွဲ့အစည်းတွင် ပါဝင်ခွင့်ရရှိရေး အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း။

မတည်ရန်ပုံငွေထုတ်ပေး

နိုင်ငံတော်က မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အရင်းမပျောက် မတည်ရန်ပုံငွေကျပ် ၃ ဘီလီယံကို ထုတ်ပေးထားကြောင်း၊ အဆိုပါ မတည်ငွေကို မသန်စွမ်းသူများ၊ မသန်စွမ်းအဖွဲ့အစည်းများကို ထိထိရောက်ရောက်ပံ့ပိုးပြီး တိုးပွားလာသည့် ရန်ပုံငွေကို မသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် မသန်စွမ်းသူများအတွက် အကျိုးပြုလုပ်ငန်းများတွင် အကျိုးရှိအောင် အသုံးပြုသွားကြရန် မှာကြားလိုကြောင်း။

ယခုနှစ်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့၏ ဦးတည်ဆောင်ပုဒ်ဖြစ်သည့် **"အားလုံးပါဝင်ဖွံ့ဖြိုးဖို့၊ ဆန်းသစ်တီထွင် အဖြေရှာစို့။ အားလုံးလက်လှမ်းမီ ညီမျှရေး၊ တီထွင်ဖန်တီးမှု စွမ်းအားဖြင့် ဆောင်ရွက်ပေး"**နှင့်အညီ မသန်စွမ်းသူများ၏ ဘဝအခြေအနေ မြင့်မားတိုးတက်စေရေး၊ နောက်ကျမကျန်ရစ်စေရေးအတွက် တီထွင်ဆန်းသစ်မှု၊ နည်းပညာနှင့် ပြုပြင်ပြောင်းလဲနိုင်သည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်ပြီး လက်လှမ်းမီ ရယူအသုံးပြုနိုင်မည့် ညီမျှသည့် လူ့အသိုင်းအဝိုင်း ဖြစ်ပေါ်လာစေရေး ဆောင်ရွက်ပေးကြစေလိုကြောင်း။

စာမျက်နှာ ၄ သို့

စာမျက်နှာ ၃ မှ

မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေနှင့်အညီ မသန်စွမ်းသူများကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ ပြည်သူ့ရေးရာ နှင့် အခြားနယ်ပယ်အသီးသီးမှ လူမှုအဖွဲ့အစည်းများတွင် ဘေးဖယ်ချန်လုပ်ထားခြင်းမျိုး မဖြစ်စေဘဲ ပါဝင်လုပ်ရှားဆောင်ရွက်နိုင်ရေး ကြိုးစားပေးကြစေလိုကြောင်း၊ မသန်စွမ်းသူများအနေဖြင့်လည်း စိတ်ဆင်းရဲအားငယ်မှုများ မဖြစ်ကြဘဲ ဘဝကို ကြံ့ကြံ့ခံ ရင်ဆိုင်၍ စိတ်ရောကိုယ်ပါ ကျန်းမာသန်စွမ်းအောင် လေ့ကျင့်နေထိုင်နိုင်ကြပြီး နိုင်ငံတော်တည်ဆောက်ရေးတွင် အုတ်တစ်ချပ် သဲတစ်ပွင့် အဖြစ် ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ရေး ကြိုးစားလုပ်ဆောင်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဒုတိယ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က ပေးပို့သည့်သဝဏ်လွှာ ဗီဒီယိုမက်ဆေ့နှင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် ဗီဒီယိုမှတ်တမ်းတို့ကို ပြသသည်။

ယင်းနောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ဂုဏ်ပြုဆုရရှိကြသူများကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဗိုလ်ချုပ်ကြီး တင်အောင်စန်းတို့က မသန်စွမ်းသူများ အတွက် အတားအဆီးမဲ့ ခရီးသွားလာရေးဂုဏ်ပြုဆုရရှိကြသူများနှင့် ၂၀၂၂ ခုနှစ်၊ (၁၁) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များရရှိခဲ့ပြီး အဆင့် ၆ တွင် ရပ်တည်နိုင်ခဲ့သည့် မြန်မာနိုင်ငံမသန်စွမ်း အားကစားအဖွဲ့ချုပ်ကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က မသန်စွမ်းသူများအတွက် အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးရေး ဂုဏ်ပြုဆုရရှိသူကိုလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး **(အပေါ်ပုံ)** ခင်းကျင်းပြသထားသည့် မသန်စွမ်းသူများနှင့် သက်ဆိုင်သော စာအုပ်များနှင့် လုပ်ငန်းဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး ဂုဏ်ပြုဆုရရှိသူ တစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဂုဏ်ပြုဆုရရှိသူ တစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်စဉ်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင် မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးရေး ဂုဏ်ပြုဆုရရှိသူအား ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်စဉ်။

အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ် မသန်စွမ်းအားကစားပြိုင်ပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၃

မြန်မာ့လူ့ဘောင် အဖွဲ့အစည်းအတွင်းရှိ မသန်စွမ်းသူများ၏ ဘဝအရည်အသွေး ပိုမိုဖွံ့ဖြိုးလာစေရန်၊ အများပြည်သူနည်းတူ တန်းတူညီမျှ အခွင့်အရေးရရှိရန်နှင့် မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာနှင့် စွမ်းဆောင်ရည်တို့ကို အလေးထား ဂရုပြုတတ်စေရန် ရည်ရွယ်၍ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် မသန်စွမ်းအားကစားပြိုင်ပွဲကို နေပြည်တော် ကောင်စီနယ်မြေ၊ လူငယ်ရေးရာကော်မတီက ကြိုးမှူးရှိ ယနေ့ နံနက် ၈ နာရီတွင် လယ်ဝေးမြို့နယ် အားကစားလေ့ကျင့်ရေးစခန်း(၂)၌ ကျင်းပသည်။

ရှေးဦးစွာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ စိုးဝင်းက အမှာစကား ပြောကြားပြီး နေပြည်တော် ကောင်စီအဖွဲ့ဝင် (နေပြည်တော် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ) ဦးမြင့်စိုးက ပြိုင်ပွဲဝင်အားကစားသမားများကို နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင် မသန်စွမ်း အားကစားသမားများ၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးပြီး ပြိုင်ပွဲများ အပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ Wheel Chair မီတာ ၁၀၀ (ကျား) အပြေးပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆု ရရှိကြသူများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးကလည်းကောင်း၊ မီတာ ၁၀၀ (ကျား) အပြေးပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိကြသူများကို နေပြည်တော်ကောင်စီ အဖွဲ့ဝင် (နေပြည်တော် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ) က လည်းကောင်း၊ မီတာ ၁၀၀ (ကျား/မ) အပြေးပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိကြသူများကို လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လည်းကောင်း ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ကြသည်။

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် မသန်စွမ်းအားကစားပြိုင်ပွဲ၌ ပြေးခုန်ပစ် အားကစားနည်းမှ မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် အမျိုးအစား နှစ်မျိုး ကျင်းပခဲ့ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ မသန်စွမ်း အားကစားသမား ၁၄ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲ လူပေါင်း ၄၀၀၀ ပါဝင် ဆင်နွှဲ

နေပြည်တော် ဒီဇင်ဘာ ၃

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနအနေဖြင့် လူတစ်ဦး ချင်းမှအစပြု၍ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးနှင့် မြန်မာ့ အားကစားလောက အဆင့် အတန်း တိုးတက်မြင့်မားစေရေး ရည်ရွယ်၍ "၂၀၂၂ ခုနှစ် ဒီဇင်ဘာ လူထုအားကစား လှုပ်ရှားမှု အထိမ်းအမှတ် စုပေါင်းလမ်း လျှောက်ပွဲ" ကို ယနေ့နံနက် ၅ နာရီ ၄၅ မိနစ်တွင် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် စောဒန်နီယယ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ထမ်းများ နှင့် ဝန်ထမ်းမိသားစုဝင် စုစုပေါင်း အင်အား ၄၀၀၀ ခန့် ပျော်ပျော် ရွှင်ရွှင် စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲကြသည်။(ယာပုံ)

အာဟာရမုန့်များပေးဝေ

လူထုစုပေါင်း လမ်းလျှောက်ပွဲသို့ ပါဝင်ဆင်နွှဲကြသူများသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဂိတ် အမှတ် (၁) မှ စတင်တာထွက်ပြီး ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၏ သတ်မှတ် လမ်းကြောင်းများ အတိုင်း ဂိတ် (A) ရှေ့အထိ ပျော်ပျော်ပါးပါး လမ်းလျှောက်ကာ စုပေါင်း ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်း အတွဲ (၁)၊ (၂)နှင့် Physical Fitness Dance Exercises လေ့ကျင့်ခန်းများကို စုပေါင်းပါဝင်လှုပ်ရှားဆောင်ရွက် ခဲ့ကြပြီး အားကစားနှင့် ကာယ ပညာဦးစီးဌာနမှ တာဝန်ရှိသူများ က ရေသန့်ဘူး၊ Pocari Sweatနှင့် အာဟာရမုန့်များ ပေးဝေကြ သည်။

အဆိုပါ လူထုစုပေါင်း လမ်း လျှောက်ပွဲကို ဒီဇင်ဘာလ၏ အပတ်စဉ် စနေနေ့တိုင်း ပြုလုပ် ဆောင်ရွက်သွားမည် ဖြစ်ပြီး ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်း များအပြင် ဝန်ထမ်းမိသားစုဝင် များပါ ပျော်ပျော်ပါးပါး ပါဝင် ဆင်နွှဲသွားမည်ဖြစ်ကြောင်း သိရ သည်။ **သတင်းစဉ်**

တောင်ကြီးမြို့၌ ဒီဇင်ဘာလူထုစုပေါင်းလမ်းလျှောက်ပွဲနှင့် အားကစားပြိုင်ပွဲ ကျင်းပ ရှမ်းပြည်နယ် အမျိုးသမီးဘောလုံးအသင်းအား အောင်နိုင်ရေးအလံပေးအပ်



တောင်ကြီးမြို့၌ ဒီဇင်ဘာ လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပစဉ်။

တောင်ကြီး ဒီဇင်ဘာ ၃

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ လူထုစုပေါင်း လမ်းလျှောက်ပွဲနှင့် အားကစားပြိုင်ပွဲကို ယနေ့ နံနက် ၆ နာရီက တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပ သည်။

အဆိုပါ လူထုစုပေါင်းလမ်းလျှောက်ပွဲကို ရှမ်း ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်းက တာလွှတ်ပေးပြီး ပြည်နယ်အားကစားကွင်းအတွင်း လမ်းလျှောက်ကြ၍ ကိုယ်လက်သွေးပူလေ့ကျင့်ခန်း အတွဲ(၁) အမှတ်(၂) ပြုလုပ်ကြပြီး အကြောဖြေ လေ့ကျင့်ခန်းများ ဆောင်ရွက်ကြသည်။

ဆက်လက်၍ ဒီဇင်ဘာလူထုစုပေါင်း လမ်းလျှောက်ပွဲတွင် ကျောင်းသား ကျောင်းသူများ က မုန့်စားပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ ပူဖောင်း ဖောက်ပြိုင်ပွဲ၊ မီတာ ၁၀၀ ၊ မီတာ ၂၀၀ ၊ မီတာ ၄၀၀ အပြေးပြိုင်ပွဲ၊ ခြေသုံးချောင်းထောက်ပြိုင်ပွဲ၊ မီတာ (၁၀၀x၄၀၀) လက်ဆင့်ကမ်းပြိုင်ပွဲ၊ သံလုံးပစ်၊ သံပြား ပစ်၊ လှံတံပစ်ပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုပေး ပွဲကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီး များ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က မုန့်စားပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသော ကျောင်းသား ကျောင်းသူများကို ဆုများ ချီးမြှင့်ပေးကြသည်။

ဆက်လက်၍ (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်ဝန်ကြီး ချုပ်ဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်မည့် ရှမ်းပြည်နယ် အမျိုးသမီး ဘောလုံး အသင်း အောင်နိုင်ရေးအလံပေးအပ်ခြင်းကို ယနေ့ နံနက် ၇ နာရီက တောင်ကြီးမြို့ ပြည်နယ်အားကစား ကွင်း၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး ရှမ်းပြည်နယ် အမျိုးသမီးဘောလုံး လက်ရွေးစင်အသင်းကို အောင်နိုင်ရေးအလံနှင့် ထောက်ပံ့ငွေကျပ် ၁၀၂၅၀၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီး ထားဝယ်မြို့၌ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

ထားဝယ် ဒီဇင်ဘာ ၃

"အားလုံးပါဝင်ဖွံ့ဖြိုးဖို့၊ ဆန်းသစ် တီထွင်အဖြေရှာစို့။ အားလုံး လက်လှမ်းမီညီမျှရေး၊ တီထွင် ဖန်တီးမှုစွမ်းအားဖြင့် ဆောင်ရွက် ပေး" ဟူသော ဆောင်ပုဒ်နှင့်အညီ ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်း အမှတ် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက တနင်္သာရီတိုင်း ဒေသကြီး ထားဝယ်မြို့ မြို့တော် ခန်းမ၌ ကျင်းပသည်။

ငါးနှစ်စီမံကိန်း

အခမ်းအနားတွင် တိုင်းဒေသ ကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက နှစ်စဉ် ဒီဇင်ဘာ ၃ ရက် ရောက် တိုင်း အပြည်ပြည်ဆိုင်ရာ မသန် စွမ်းသူများနေ့ အခမ်းအနားကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကျင်းပ လျက်ရှိကြောင်း၊ စဉ်ဆက် မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် (၂၀၃၀)၏ မည်သူတစ်ဦး တစ်ယောက်မျှ နောက်ကျမကျန်ရစ်စေရေးမူနှင့် အညီ မသန်စွမ်းသူများ၏ အခွင့် အရေးများဆိုင်ရာ မဟာဗျူဟာ ငါးနှစ် စီမံကိန်း (၂၀၂၂-၂၀၂၇)ကို ရေးဆွဲခဲ့ပြီး စက်တင်ဘာ ၁၅ ရက် တွင် မိတ်ဆက်ဖြန့်ချိခဲ့ပြီးဖြစ် ကြောင်း၊တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ ခရိုင် လေးခရိုင်အတွင်း မသန်စွမ်း ကလေးသူငယ်များ၏ အခွင့်အရေးများဆိုင်ရာ အသိ ပညာပေးသင်တန်းများ၊ မသန် စွမ်းမှုအမျိုးမျိုးနှင့် ရှေးဦးအရွယ် ကလေးသူငယ် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ တိုင်းတာစစ်ဆေး ပံ့ပိုးခြင်း ဝန်ဆောင်မှု (Early Childhood Intervention Services–ECI) ဆိုင်ရာ အသိပညာ ပေးခြင်းများကို ဆောင်ရွက်ပေး နိုင်ခဲ့ကြောင်း၊ ပြည်သူများ အနေဖြင့်လည်း မသန်စွမ်းသူများ အကျိုးဝင်ပါဝင်နိုင်ရေး ပူးပေါင်း ပါဝင် ဖော်ဆောင်ပေးကြရန်နှင့် မသန်စွမ်းသူများ ကိုယ်တိုင်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြ ရန်လိုအပ်ကြောင်း ပြောကြား သည်။

ဖျော်ဖြေတင်ဆက်

ထို့နောက် တက်ရောက်လာ သူများကို ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်၏ သဝဏ်လွှာ ဗီဒီယိုမက်ဆေ့နှင့် ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူ များနေ့ အထိမ်းအမှတ် မှတ်တမ်း ဗီဒီယိုကိုပြသပြီး မသန်စွမ်းသူ များက "အလှကမ္ဘာမြေ" သီချင်း နှင့် "လှမ်းခဲ့တော့ ထားဝယ်မြေ" သီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက် ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက အခြေခံ ပညာအထက်တန်းနှင့် အလယ် တန်းအဆင့် စာစီစာကုံး ပြိုင်ပွဲ တွင် ဆုရရှိသူများကိုလည်း ကောင်း၊ တိုင်းဒေသကြီး တရား လွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေးက မသန်စွမ်း ဖျော်ဖြေရေး အဖွဲ့များကို လည်းကောင်း ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတဟောင်း မစ္စတာကျန်ဇီမင်း ကွယ်လွန်သွားခဲ့သည့်အတွက် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

ရန်ကုန် ဒီဇင်ဘာ ၃

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတဟောင်း မစ္စတာကျန်ဇီမင်း ကွယ်လွန်သွားခဲ့သည့်အတွက် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၁) ပြည်ထောင်စုရိပ်သာလမ်းရှိ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသံရုံးတွင် ဖွင့်လှစ်ထားရှိသော ဝမ်းနည်းခြင်းအထိမ်းအမှတ် မှတ်တမ်းစာအုပ်တွင် ယနေ့နံနက် ၁၀ နာရီက သွားရောက်လက်မှတ်ရေးထိုးသည်။

ကွယ်လွန်သူ မစ္စတာကျန်ဇီမင်းသည် ၁၉၉၃ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး မြန်မာနိုင်ငံသို့ ၂၀၀၁ ခုနှစ်တွင် တရားဝင်ချစ်ကြည်ရေးခရီး လာရောက်ခဲ့သည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် အသေးစားရေအားလျှပ်စစ်နှင့် အခြားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်နိုင်မည့် နေရာများသို့ သွားရောက်ကြည့်ရှု

နေပြည်တော် ဒီဇင်ဘာ ၃

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် ဒုတိယဝန်ကြီးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ်အတွင်းရှိ လျှပ်စစ်ဓာတ်အား တိုးတက်ထုတ်ယူ ရရှိနိုင်ရန် အသေးစား ရေအားလျှပ်စစ်နှင့် အခြားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်နိုင်မည့်နေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပေါင်းလောင်းရေလွှဲဆည်နှင့် အောက်ဘက်နေရာ နှစ်ခုတွင် အသေးစားရေအားလျှပ်စစ် ဖြစ်မြောက်နိုင်မည့်အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ပေါင်းလောင်းချောင်း၏ အရှေ့ဘက်ခြမ်းတွင် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံနှင့် အခြား လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ရန် သင့်တော်မည့်နေရာများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက မြေနေရာအကျယ်အဝန်း၊ ဖြစ်မြောက်နိုင်စွမ်း၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ဆန်းစစ်မှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် လယ်ဝေးမြို့နယ်ရှိ သဲဖြူရေလှောင်တမံနှင့် ချောင်းမငယ်ရေလှောင်တမံများသို့ သွားရောက်၍ ရေပေါ်နေရောင်ခြည်စွမ်းအင်သုံး စနစ်များဖြစ်မြောက်နိုင်စွမ်းကိုလည်းကောင်း၊ အခြားလျှပ်စစ်ဓာတ်အားပေးစက်ရုံများတည်ဆောက်ရန် သင့်တော်မည့်နေရာများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားရရှိမှုသည် အဓိကကျသည့်အတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံ၏သဘာဝအရင်းအမြစ်များ ရရှိမှုအပေါ်အခြေခံ၍ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် လျှပ်စစ်ဓာတ်အား ထုတ်ယူရရှိနိုင်သည့် စီမံကိန်းအသစ်များကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံတော်၏ နှစ်စဉ်တိုးတက်သုံးစွဲလာမည့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်များကို အချိန်မီဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ လျှပ်စစ်မီးရရှိလာပါက စီးပွားရေးလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အပြင် ဒေသခံပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းများလည်းရရှိလာပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း မိမိတို့ဝန်ထမ်းများက ပြည်သူလူထုကို သဘာဝပတ်ဝန်းကျင် ထိခိုက်နစ်နာမှု အနည်းဆုံးဖြစ်အောင် ဆောင်ရွက်နေသည်ကို နားလည်သဘောပေါက်အောင် ရှင်းလင်းတင်ပြရန်နှင့် မိမိတို့ဆောင်ရွက်ချက်များအပေါ် ပြည်သူလူထုက နားလည်သဘောပေါက်၍ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရေး စည်းရုံးပြောဆိုကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ် ပန်းချီ၊ စာစီစာကုံးပြိုင်ပွဲ ရမ်းဗြဲမြို့၌ ကျင်းပ

ရမ်းဗြဲ ဒီဇင်ဘာ ၃

ဒီဇင်ဘာ ၁၅ ရက်တွင် ကျရောက်မည့် (၄၈) နှစ်မြောက် ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ်အဖြစ် အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ပန်းချီပြိုင်ပွဲနှင့်စာစီစာကုံးပြိုင်ပွဲကို ရခိုင်ပြည်နယ် ရမ်းဗြဲမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဒီဇင်ဘာ ၁ ရက်က ကျင်းပသည်။

ပန်းချီပြိုင်ပွဲတွင် အလယ်တန်းအဆင့်ကို "ပညာရေးဖြင့် ခေတ်မီတိုးတက်သော ရခိုင်ပြည်ကြီးကို တည်ဆောက်စို့" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အထက်တန်းအဆင့်ကို "သာစွဌာနေ ရခိုင်ပြည်နယ်" ခေါင်းစဉ်ဖြင့်လည်းကောင်းယှဉ်ပြိုင်ကြပြီး စာစီစာကုံးပြိုင်ပွဲတွင် အလယ်တန်းအဆင့်ကို "ရခိုင်ပြည်နယ်တိုးတက်ရေးနှင့် လူငယ်တာဝန်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အထက်တန်းအဆင့်ကို "ရခိုင်ပြည်နယ် သာယာဖို့ ဒို့တွေအားလုံးကြိုးပမ်းစို့" ခေါင်းစဉ်ဖြင့် လည်းကောင်း ကျင်းပခဲ့ကာ ဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို (၄၈)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဆုများချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။ **အောင်နိုင် (ပြန်/ဆက်)**

တရားသူကြီးများနှင့် တရားရေးအရာရှိများအတွက် စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်း အစီအစဉ်သို့ ဒုတိယအကြိမ်အဖြစ် သင်တန်းသား ၄၀ စေလွှတ်

နေပြည်တော် ဒီဇင်ဘာ ၃

အိန္ဒိယနိုင်ငံ ဘိုပါးမြို့ရှိ အမျိုးသား တရားစီရင်ရေး အကယ်ဒမီ (National Judicial Academy, Bhopal India) တွင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှ ၈ ရက်အထိ ဖွင့်လှစ်မည့် "တရားသူကြီးများနှင့် တရားရေးအရာရှိများအတွက် စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းအစီအစဉ်" သို့ တက်ရောက်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက် ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများနှင့် တရားရုံးအဆင့်ဆင့်ရှိ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် တရားသူကြီးများ၊ တရားရေးအရာရှိများ ပါဝင်သည့် သင်တန်းသား ၄၀ သည် ယနေ့တွင် ရန်ကုန်မြို့မှ အိန္ဒိယနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

အဆိုပါ သင်တန်းသားများသည် သင်တန်း၌ အိန္ဒိယနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ၊ အိန္ဒိယနိုင်ငံ တရားစီရင်ရေးစနစ်၊ တရားသူကြီး ကျင့်ဝတ်၊ စီရင်ချက်ရေးသားခြင်း၊ တရားရုံ စီမံခန့်ခွဲမှု၊ သက်သေခံဥပဒေ၊ တရားရုံးနည်းပညာ၊ တရားမနှင့် ရာဇဝတ်ဥပဒေများ၊ ဥပဒေရေးရာ ဆေးပညာ၊တရားမကျင့်ထုံးဥပဒေနှင့် တရားမမှုစစ်ဆေးခြင်း၊ အခြားနည်းလမ်းဖြင့် အငြင်းပွားမှုဖြေရှင်းခြင်းတို့ကို လေ့လာသင်ယူခွင့် ရရှိကြမည့်အပြင် အိန္ဒိယနိုင်ငံ ဘိုပါးမြို့ရှိ ဆေးသုတေသန တက္ကသိုလ် ခရိုင်တရားရုံးနှင့် ဗဟို အကျဉ်းထောင်တို့ကို သွားရောက်လေ့လာခွင့်ရရှိမည်ဖြစ်သည်။

ယင်းသင်တန်း အစီအစဉ်သည် ပြည်ထောင်စုတရားသူကြီးချုပ်ရုံးနှင့် အိန္ဒိယနိုင်ငံ အမျိုးသား တရားစီရင်ရေး အကယ်ဒမီတို့ အကြား လက်မှတ်ရေးထိုးထားသည့် မြန်မာနိုင်ငံမှ တရားသူကြီးများနှင့် တရားရေးအရာရှိများကို အိန္ဒိယနိုင်ငံသို့ စေလွှတ်၍ သင်တန်းပေးခြင်းနှင့် စွမ်းဆောင်ရည် မြှင့်တင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာအရ စေလွှတ်ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

စစ်တက္ကသိုလ်၏ (ဖင၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၃

စစ်တက္ကသိုလ်၏ (ဖင၄) ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်တပ်နယ်ရှိ စစ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်ချုပ်ဇော်မင်းလတ်၊ စစ်တက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ် သိန်းလွင်နှင့် စစ်တက္ကသိုလ်မှ ပညာရေးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ စစ်တက္ကသိုလ် ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များ ဘွဲ့နှင်းသဘင်ခန်းမသို့ ဝင်ရောက်၍ သတ်မှတ်နေရာများတွင် နေရာယူကြပြီး နိုင်ငံတော်သီချင်းတီးမှုတ်ကာ ဘွဲ့နှင်းသဘင် အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ပါမောက္ခချုပ်က ဘွဲ့နှင်းသဘင်ကျင်းပကြောင်း ကြေညာပြီး ဘွဲ့ယူမည့်သူများ စောင့်ထိန်းရမည့် ကျင့်ဝတ်များကို လိုက်နာကျင့်သုံးရန် ကတိခံဝန်မှုပြုခြင်းကို ဆောင်ရွက်ကြသည်။

ယင်းနောက် ပါမောက္ခချုပ်က ဝိဇ္ဇာဘွဲ့ရရှိသူ ၅၅ ဦး၊ စီးပွားရေးပညာဘွဲ့ရရှိသူ ၁၇ ဦး၊ ဝါဏိဇ္ဇဘွဲ့ရရှိသူ ကိုးဦး၊ သိပ္ပံဘွဲ့ရရှိသူ ၂၀၆ ဦး၊ ကွန်ပျူတာသိပ္ပံဘွဲ့ရရှိသူ ၈၁ ဦးနှင့် ကွန်ပျူတာနည်းပညာဘွဲ့ရရှိသူ ကိုးဦး၊ သိပ္ပံဘွဲ့ရရှိသူ ၂၀၆ ဦး၊ ကွန်ပျူတာ သိပ္ပံဘွဲ့ရရှိသူ ၈၁ ဦးနှင့် ကွန်ပျူတာနည်းပညာဘွဲ့ရရှိသူ ၇၉ ဦး စုစုပေါင်း ၄၄၇ ဦးတို့ကို ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းသည်။

ဆက်လက်၍ ပါမောက္ခချုပ်က ဘွဲ့ရရှိသူများကို ဘွဲ့များနှင့်လျော်ညီသော အမှတ်လက္ခဏာဖြစ်သည့် ဝတ်စုံများကို ဝတ်ဆင်ခွင့်ပြုပြီး ဘွဲ့နှင်းသဘင် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ပါမောက္ခချုပ်က ဘွဲ့နှင်းသဘင် မိန့်ခွန်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းကြောင်း ကြေညာကာ စစ်တက္ကသိုလ် ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမမှ ပြန်လည်ထွက်ခွာကြသည်။

စစ်တက္ကသိုလ်အနေဖြင့် ပထမအကြိမ်ဘွဲ့နှင်းသဘင်မှ ယခု (ဖင၄) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အထိ ကျောင်းဆင်းအရာရှိပေါင်း ၃၃၅၁၂ ဦးကို အခြေခံဘွဲ့များ ပေးအပ်ချီးမြှင့်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် နယ်ခြားစောင့်တပ်ဖွဲ့များ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)မှ ဖျော်ဖြေရေးအဖွဲ့များ၊ နယ်လှည့် ပြည်သူ့ဆက်ဆံရေးအဖွဲ့များက ဂုဏ်ပြုဖျော်ဖြေ

နေပြည်တော် ဒီဇင်ဘာ ၃

မြန်မာနိုင်ငံ၏ နယ်စပ်နယ်မြေ အသီးသီးတွင် မိုးဝေးဖေးနှင့် မိသားစု ဝေးကွာစွာဖြင့် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို နေ့မအား ညမနား ထမ်းဆောင်လျက်ရှိသည့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် နယ်ခြားစောင့်တပ်ဖွဲ့များ တဒဂ်ခေတ္တခဏမျှ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်နှင့် ဘဝအမောများ ပြေပျောက်စေရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) မှ ဖျော်ဖြေရေးအဖွဲ့သူ အဖွဲ့သားများ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှု အောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများက ကျောပိုးအိတ်ဖျော်ဖြေရေး အဖွဲ့ငယ်များ ဖွဲ့စည်းကာ တိုင်းစစ်ဌာနချုပ် အသီးသီးရှိ ရှေ့တန်းစခန်းများသို့ မိသားစုများ၏ကိုယ်စားကိုယ်ချင်းစာစိတ် အပြည့်အဝဖြင့် အလှည့်ကျ သွားရောက် ဂုဏ်ပြု ဖျော်ဖြေသီဆိုကပြလျက်ရှိသည်။

ထိုသို့ ရှေ့တန်းစခန်းများရှိ တပ်မတော်သားများ၊ နယ်ခြားစောင့်တပ်ဖွဲ့များအား သွားရောက် ဂုဏ်ပြုသီဆိုကပြဖျော်ဖြေလျက်ရှိရာ ဒီဇင်ဘာ ၂ ရက်နှင့် ယနေ့တွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေရှိ ရှေ့တန်းစခန်းများနှင့် မြဝတီ၊ ကျိုက်ဒုံ၊ ကြာအင်းဆိပ်ကြီးတို့ရှိ နယ်မြေခံတပ်ရင်းဌာနချုပ်များသို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)မှ ဖျော်ဖြေရေး အဖွဲ့သူ အဖွဲ့သားများ၊ နယ်လှည့် ပြည်သူ့ဆက်ဆံရေး အဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများက စစ်ချီတေးသီချင်းများ၊ ခေတ်ပေါ်နှင့် ခေတ်ဟောင်းတေးသီချင်းများဖြင့် သီဆိုကပြ ဖျော်ဖြေကြရာ ရှေ့တန်းစခန်းများနှင့် တပ်ရင်းဌာနချုပ်များရှိ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ နယ်ခြားစောင့်တပ်ဖွဲ့များက လုံခြုံရေးအရ အလှည့်ကျစနစ်ဖြင့် စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စွာဖြင့် ကြည့်ရှုအားပေးပြီး အချို့စစ်သည်များမှာလည်း လွတ်လပ်ပေ့ါပါးစွာဖြင့် ပါဝင်သီဆိုကြသည်။ ရှေ့တန်းစခန်းအလိုက်နှင့် ဌာနချုပ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများက လာရောက်သီဆိုဖျော်ဖြေပေးကြသည့် ဖျော်ဖြေရေးအဖွဲ့များကိုလည်း ဂုဏ်ပြုဆုငွေများ ပေးအပ်ကြပြီး ဒေသထွက် အစားအစာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြသည်။

သတင်းစဉ်

သန့်ရှင်းသာယာသောမြို့၊ ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက အားတက်သရောဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၃

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့၊ ရွာဒေသများ သန့်ရှင်းသာယာလှပရေးကို အားတက်သရော ဆောင်ရွက်လျက်ရှိကြသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီ နယ်မြေ ဧရာဝတီရိုးမြို့နယ်အပါအဝင် မြို့နယ် ရှစ်မြို့နယ်တို့၌ လည်းကောင်း ၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အပါအဝင် မြို့နယ်သုံးမြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့ အပါအဝင် မြို့နယ် လေးမြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုမိန်းမြို့၌ လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့အပါအဝင် မြို့နယ် ငါးမြို့နယ်တို့၌ လည်းကောင်း၊ မွန်ပြည်နယ် သထုံမြို့နယ် အပါအဝင် မြို့နယ်လေးမြို့နယ်တို့၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့အပါအဝင် မြို့နယ် ၁၀ မြို့နယ်တို့၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၄၅ မြို့နယ်တို့၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့အပါအဝင် မြို့နယ်ခုနစ်မြို့နယ်တို့၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အပါအဝင် မြို့နယ် ၁၉ မြို့နယ်တို့၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်အပါအဝင် မြို့နယ် ၁၀ မြို့နယ်တို့၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌ လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာ အဆောက်အဦများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် ခြင်ဆေးဖျန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ထို့ပြင် မန္တလေးမြို့ပေါ်ရှိ တာဝန်သိ လူငယ်၊ လူရွယ်များ စုစည်း၍ မြို့ရွာသန့်ရှင်းရောဂါကင်း၊ စုပေါင်းအမှိုက်ရှင်း စာသားတံဆိပ်ပါတူညီဝတ်စုံများဝတ်ဆင်ပြီး ချမ်းအေးသာစံမြို့နယ် သင်္ဂီသာချောင်းတစ်လျှောက်တို့တွင် အမှိုက်ကောက်ခြင်းနှင့် ရပ်ကွက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ သက်သာချောင်ချိမ့်ရှိစေရန်ပြည်သူများထံမှ အမှိုက်တစ်ပိသာကို ၁၀၀ ကျပ်ဖြင့် ဝယ်ယူပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညွှန်ကြားဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃

၂၀၂၂ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ကျရောက်သည့်အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီနှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်တို့ကြီးမှူးကျင်းပသော မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲကို ယနေ့နံနက်က ရန်ကုန်မြို့ဒဂုံမြို့သစ်(မြောက်ပိုင်း) မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် လေ့ကျင့်ရေးစခန်း၌ ပြုလုပ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဝန်ကြီးများ ကြည့်ရှုအားပေးကြသည်။ **(အောက်ပုံ)**

အဆိုပါ ပြိုင်ပွဲ၌ အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ၁၄ ပွဲ၊ ရေကူးပြိုင်ပွဲလေးပွဲ၊ စစ်တုရင်ပြိုင်ပွဲတွင် မျက်စိမြင်၊ မျက်စိမမြင်၊ ကိုယ်အင်္ဂါမသန်စွမ်း အတန်းသုံးတန်း ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲများအပြီးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက ပထမ၊ ဒုတိယ၊ တတိယရရှိကြသောမသန်စွမ်းသူ အားကစားသမားများအား ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ခဲ့ကြသည်။ ယင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မျက်မမြင်ကျောင်းများ၊ မြို့နယ် အသီးသီးမှ အားကစားသမားများ စုစုပေါင်း ၁၂၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

အာကာစိုး
ဓာတ်ပုံ – တင်စိုး

ပုဗ္ဗသီရိမြို့နယ်လုံးဆိုင်ရာ ဒုတိယအကြိမ် အသံမစဲမဟာပဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနားကျင်းပ

ပုဗ္ဗသီရိ ဒီဇင်ဘာ ၃

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် သတ္တသတ္တာဟ (ပွင့်စေတီ) ဓမ္မာရုံ၌ ပုဗ္ဗသီရိမြို့နယ်လုံးဆိုင်ရာ ဒုတိယအကြိမ်အသံမစဲ မဟာပဌာန်းမြတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနားကို နေပြည်တော်ကောင်စီမှကြီးမှူး၍ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများ၊ နေပြည်တော် သာသနာရေးမှူး ဦးဆန်းထွန်းအောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ကာ ပုဗ္ဗသီရိမြို့နယ် ရွှေလွှမ်းတောင်ကျောင်းပဓာနနာယက ဘဒ္ဒန္တဥတ္တမ မထေရ်မြတ်ထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ခဲ့ကြပြီး ဆရာတော်သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူကြည်ညိုခဲ့ကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက သာသနာရေးဆိုင်ရာ ကိစ္စရပ်များ လျှောက်ထားကာ ဆရာတော်များထံမှ ဆုံးမသြဝါဒခံယူနာကြား၍ လှူဖွယ်ဝတ္ထုအသီးသီး ဆက်ကပ်လှူဒါန်းခဲ့သည်။ ယင်းနောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများသည် ဒုတိယအကြိမ်မြောက် အသံမစဲမဟာပဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ အောင်မြင်ပြီးမြောက်ကြောင်း ရေစက်သွန်းချအမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်းသိရသည်။ **မြို့နယ် (ပြန်/ဆက်)**

၂၀၂၂ ခုနှစ် ဒီဇင်ဘာ အားကစားလပထမ အပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ပြည်သူ့အားကစားကွင်း ရှေ့ဘက်ရှိ ဗိုလ်ချုပ်လမ်းမကြီးပေါ်တွင် ဒီဇင်ဘာ ၃ ရက်ကပြုလုပ်ရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးဇော်ထူး၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင်စိုး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ မြို့နေပြည်သူများ၊ အားကစားချစ်မြတ်နိုးသူများ စုပေါင်းပါဝင်လမ်းလျှောက်စဉ်။ တိုင်းဒေသကြီး(ပြန်/ဆက်)

ဒီဇင်ဘာလူထုအားကစား စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၃ ရက်က မကွေးတိုင်းဒေသကြီး မကွေးမြို့ ခရိုင်အားကစားကွင်းအနီး လမ်းငါးသွယ်အဝိုင်းပတ်မှ ဗိုလ်ချုပ်လမ်းမကြီး တစ်လျှောက် စုပေါင်းလမ်းလျှောက်ရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ မကွေးသူနာပြုသင်တန်းကျောင်းမှ သင်တန်းသား သင်တန်းသူများနှင့် အားကစားစိတ်ဝင်စားသည့် ပြည်သူများပါဝင်ဆင်နွှဲစဉ်။ ကိုစည်သူ(မကွေး)

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မြို့နယ်ပေါင်းစုံ(အလွတ်တန်း)မြန်မာ့သိုင်းပြိုင်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ (အလွတ်တန်း) မြန်မာ့သိုင်းပြိုင်ပွဲကို တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၀)ရပ်ကွက် ပဒေသာအားကစားခန်းမ၌ ဒီဇင်ဘာ ၁ ရက်က ကျင်းပသည်။

အဆိုပါ မြန်မာ့သိုင်းပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်လူရွယ်များ ကျန်းမာကြံ့ခိုင်စေရေးနှင့် မြန်မာ့ရိုးရာ အားကစားနည်းဖြစ်သော မြန်မာ့သိုင်းပညာကို မပျောက်ပျက်အောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

ပြိုင်ပွဲတွင် ဗန်တိုအတိုက်ပြိုင်ပွဲ၊ ဓားသိုင်းအတိုက်ပြိုင်ပွဲ၊ လက်သိုင်း၊ ဓားနှစ်လက်သိုင်း၊ တုတ်ရှည်၊ လှံရှည်ပညာတို့ ပါဝင်သည့် တစ်ကိုယ်တော်ပညာစဉ်ပြပြိုင်ပွဲစသည့် ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်ဆုများ ရရှိသည့် အရေအတွက်ပေါ်မူတည်၍ အမျိုးသား/အမျိုးသမီး တံခွန်စိုက်ဒိုင်းဆုများကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲကို ဒီဇင်ဘာ ၁ ရက်မှ ၅ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

◆ *ကျောဖုံးမှ*

အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်ကြသူများ အဆင်ပြေစေရန် တည်းခိုဆောင် အလုံး ၁၀၀၀ ခန့်နှင့် စျေးဆိုင်ခန်းပေါင်း ၅၀၀ ကျော် ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း၊ ရပ်ဝေး/ရပ်နီးမှ ဘုရားဖူးလာရောက်ကြမည့် ဘုရားဖူးရဟန်းရှင်လူ မိဘပြည်သူများအား သတ်မှတ်စည်းကမ်းချက်များနှင့်အညီ တည်းခိုဆောင်များ၌ စနစ်တကျ ညအိပ်တည်းခိုခွင့်ပြုမည်ဖြစ်ကြောင်း မန်းရွှေစက်တော်ဘုရားပွဲတော်ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက ပြောသည်။

မန်းရွှေစက်တော် အောက်စက်တော်ရာ (ခြေတော်ရာ)အား ဘုရားဖူးလာရောက်ကြသူများ ရာသီမရွေး အဆင်ပြေချောမွေ့စွာ သွားရောက်ဖူးမြော်နိုင်စေရန်အတွက် မန်းချောင်းတံတား (အထူးတံတား)ကို ယခင်ဘေလီသစ်သားတံတားအစား ယခုအခါ ဘေလီသံပေါင်တံတားအဖြစ် အမှတ်(၉၆၇) ဆောက်လုပ်ရေးတပ်ခွဲ အင်ဂျင်နီယာတပ်မှ ဘုရားပွဲတော်ဖွင့်ပွဲမတိုင်မီ အပြီးတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း မန်းရွှေစက်တော် ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းဌေးက ရှင်းပြသည်။

မန်းရွှေစက်တော်ဘုရားကြီးသည် မြန်မာနိုင်ငံ၏ (က) စာရင်းဝင် ဘုရားကြီးဖြစ်ပြီး မန်းရွှေစက်တော် ရာပါဒစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ်တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်အထိ ရက်ပေါင်း ၈၀ ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြောင်း၊ မြန်မာနိုင်ငံအတွင်း မြတ်စွာဘုရားရှင် ကြွရောက်တော်မူပြီး ထူးကဲလှသော သမိုင်းဝင်ဘုရားပွဲတော်ကြီးဖြစ်သည့်အတွက် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးရဟန်းရှင်လူ မိဘပြည်သူများ နှစ်စဉ်စည်ကားများပြားစွာ လာရောက်ဖူးမြော်လေ့ရှိကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)

ပြည်တွင်းအလုပ်အကိုင်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်

ရန်ကုန် ဒီဇင်ဘာ ၃

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် ဆပ်သွားတောကျေးရွာအုပ်စု ရှမ်းကုန်းကျေးရွာ အမှတ်(၅၁၄) ရှိ Aye Lin Latt Htut Training Center သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် သင်တန်းကျောင်းတာဝန်ခံများက သင်တန်းကျောင်း အစည်းအဝေးခန်းမတွင် သင်တန်းကျောင်း ဖွဲ့စည်းပုံ၊ ဦးစီးဌာနသင်တန်းကျောင်းအဖြစ် အသိအမှတ်ပြုထားမှု၊ သင်ကြားခဲ့သည့် ကျွမ်းကျင်မှုသင်တန်းများ၊ လက်ရှိဖွင့်လှစ်နေသည့် သင်တန်းများ၊ ထပ်မံဖွင့်လှစ်မည့် သင်တန်းများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက သင်တန်းကျောင်းတည်နေရာသည် ဆပ်သွားတောကျေးရွာအုပ်စုတွင် တည်ရှိနေ၍ ကျေးရွာနေလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်ရေး များစွာအထောက်အကူဖြစ်စေကြောင်း၊ ကိုဗစ်-၁၉ ကာလအတွင်း သင်တန်းရပ်နားခဲ့ပြီး ၂၀၂၂ ခုနှစ် ဇူလိုင်လမှ ပြန်လည်ဖွင့်လှစ်ခဲ့မှုအတွက် အသိအမှတ်ပြုပါကြောင်း၊ မော်တာစက်နင်း ကျွမ်းကျင်သင်တန်းနှင့် တစ်ကြောင်းစက်၊ ဓားစက်ကျွမ်းကျင် သင်တန်းများကို NSSA ၏ ကျွမ်းကျင်မှု "စံ" သင်ရိုးညွှန်းတမ်းနှင့်အညီ လေ့ကျင့်သင်ကြားနိုင်ရန် နည်းပြများကို စဉ်ဆက်မပြတ် စွမ်းဆောင်ရည်မြှင့်တင်ပေးရန်လိုကြောင်း။

သင်တန်းဆင်းလူငယ်များအနေဖြင့် သင်တန်းကာလတွင် အမှန်တကယ်တတ်မြောက်ရန် ကြိုးစားသင်ယူပြီး သင်တန်းဆင်းသည်နှင့် လုပ်ငန်းခွင်အတွင်း အဆင်ပြေချောမွေ့စွာ လုပ်ကိုင်နိုင်ရေး အာရုံစိုက်ထားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းခွင်ရောက်ကူညီပေးရန်နှင့် လုပ်ငန်းခွင်နှင့် ကိုက်ညီသင့်လျော်သည့် အလုပ်သမားများရရှိရေးအတွက် အလုပ်ရှင်များကို ကူညီပေးရန် ဝန်ကြီးဌာနအနေဖြင့် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများကို နိုင်ငံတဝန်း ဖွင့်လှစ်၍ အခမဲ့ဝန်ဆောင်မှုပေးလျက်ရှိကြောင်း။

ထို့ပြင် အလုပ်အကိုင်ရှာဖွေနေသူများကို အခမဲ့ဝန်ဆောင်မှုပေးသော ပုဂ္ဂလိက ပြည်တွင်းအလုပ်အကိုင်စုဆောင်းရေး အကျိုးဆောင်ကုမ္ပဏီများကို ခွင့်ပြုချက်ပေး၍ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး၊ အလုပ်လုပ်ကိုင်ရှိပါက လုပ်ငန်းခွင် တည်ငြိမ်အေးချမ်းရေးနှင့် ကုန်ထုတ်စွမ်းအား တိုးတက်ရေးအတွက် ကြီးကြပ်သူများနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ အလုပ်ရှင်၊ အလုပ်သမား အပြန်အလှန်ယုံကြည်ကိုးစားမှုသည် လုပ်ငန်းတိုးတက် အောင်မြင်ရေးအတွက် များစွာအထောက်အကူဖြစ်စေသဖြင့် ခံယူချက်ကောင်းမွန်ရန်လိုကြောင်း မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ယုဇနဟိုတယ်တွင် ကျင်းပသည့် ပြည်တွင်းအလုပ်အကိုင်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားရာတွင် အလုပ်အကိုင်ရှာဖွေသူ၏ အသက်အရွယ်၊ စွမ်းအားနှင့်သင့်လျော်သည့် အလုပ်အကိုင်ရွေးချယ်ရေး၊ အလုပ်အကိုင်ရရှိရေး၊ အလုပ်ခွင်တည်မြဲရေးနှင့် ကျွမ်းကျင်မှု တိုးတက်ရေးအတွက် ကူညီပေးရန်နှင့် လုပ်ငန်းခွင်နှင့် ကိုက်ညီသင့်လျော်သည့် အလုပ်သမားများရရှိရေးအတွက် အလုပ်ရှင်များကို ကူညီပေးရန် ဝန်ကြီးဌာနအနေဖြင့် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများကို နိုင်ငံတဝန်း ဖွင့်လှစ်၍ အခမဲ့ဝန်ဆောင်မှုပေးလျက်ရှိကြောင်း။

ထို့ပြင် အလုပ်အကိုင်ရှာဖွေနေသူများကို အခမဲ့ဝန်ဆောင်မှုပေးသော ပုဂ္ဂလိက ပြည်တွင်းအလုပ်အကိုင်စုဆောင်းရေး အကျိုးဆောင်ကုမ္ပဏီများကို ခွင့်ပြုချက်ပေး၍ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး၊ အလုပ်လုပ်ကိုင်လိုသူများကို အလုပ်အကိုင် ရရှိစေခြင်းဖြင့် အလုပ်လက်မဲ့များနည်းပါးစေရေး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအလိုက် ပြည်တွင်းအလုပ်အကိုင်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းရှင်အသင်းများ တည်ထောင်နိုင်ရေး ဝန်ကြီးဌာနမှလိုအပ်သည်များ ပံ့ပိုးကူညီပေးမည်ဖြစ်ပြီး သက်ဆိုင်ရာရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှူဦးစီးဌာနသို့ ချိတ်ဆက်ဆောင်ရွက်ရန်နှင့် အသင်းမှ တာဝန်ရှိသူများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများသို့ ကွင်းဆင်း၍ အသိပညာပေးဆွေးနွေးခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲများ စဉ်ဆက်မပြတ်ဆောင်ရွက်စေလိုကြောင်း။

အသင်း၏ ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များကို ကောင်းစွာသိရှိနားလည်ပြီး ဌာနမှထုတ်ပြန်သည့် လိုင်စင်စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ကာ ကောင်းမွန်သည့် လုပ်ဆောင်ချက်များဖြင့် အသင်း၏ဂုဏ်ကို မြှင့်တင်ပေးရန်လိုကြောင်း မှာကြားခဲ့သည်။ **(ဝဲပုံ)**

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးနှင့် ပြည်တွင်းအလုပ်အကိုင်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းရှင်များ၊ အသင်းဝင်မန်နေးဂျင်းဒါရိုက်တာများ တက်ရောက်ကြသည်။

သတင်းစဉ်

MITV News Studio ဆက်တင်ဒီဇိုင်းဆန်းသစ်မှုဖြင့် စတင်ရိုက်ကူးထုတ်လွှင့်

ရန်ကုန် ဒီဇင်ဘာ ၃

MITV News Studio ဆက်တင် ဒီဇိုင်းဆန်းသစ်မှုဖြင့် စတင်ရိုက်ကူးထုတ်လွှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MITV News Studio ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများ၊ ရွှေသံလွင်မီဒီယာကုမ္ပဏီ လီမိတက်မှ MD ဦးမင်းမင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က MITV News Studio ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးပြီး အမွေးနံသာရည်ဖြင့် ပက်ဖျန်းပေးသည်။ ဆက်လက်၍ MITV News Studio ဆက်တင် ဒီဇိုင်း ဆန်းသစ်တည်ဆောက်မှုကို ဦးရဲနိုင်နှင့် MD ဦးမင်းမင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(ယာပုံ)** နောက်ခံဆက်တင် ဒီဇိုင်းအသစ်ဖြင့် စတင်အသုံးပြုနိုင်ရန် Smart TV မျက်နှာပြင်အား Touch ပြုလုပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် MITV News Studio ဆန်းသစ်တည်ဆောက်မှု မှတ်တမ်းဗီဒီယိုအား ကြည့်ရှုကြပြီး သတင်းစတင်ရိုက်ကူးမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် MITV News Studio ဆန်းသစ်တည်ဆောက်ပြီး စတင်ရိုက်ကူး ထုတ်လွှင့်နိုင်မှု အထိမ်းအမှတ်အဖြစ် MITV အမှတ်တံဆိပ်ပါ အမှတ်တရ လက်ဆောင်အား MD ဦးမင်းမင်းက ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်ထံ ပေးအပ်သည်။

Myanmar International TV Channel (MITV) ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ရွှေသံလွင်မီဒီယာ ကုမ္ပဏီလီမိတက်တို့သည် ၂၀၁၀ ပြည့်နှစ်မှစ၍ ပူးပေါင်းဆောင်ရွက်ခဲ့ရာမှ ယခုအခါ MITV News Studio နောက်ခံဆက်တင် ဒီဇိုင်း ဆန်းသစ်တည်ဆောက်ခြင်းကို ရွှေသံလွင်ကုမ္ပဏီက ထိုင်းနိုင်ငံမှ ဂရပ်ဖစ်ပညာရှင်ထံ အပ်နှံရေးဆွဲကာ ငွေကျပ် သိန်း ၁၀၀ ခန့်အကုန်အကျခံ၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

MITV Channel သည် မြန်မာနိုင်ငံတွင် အင်္ဂလိပ်ဘာသာဖြင့် ထုတ်လွှင့်နေသည့် တစ်ခုတည်းသော Channel ဖြစ်ပြီး အစီအစဉ်ကောင်းများ၊ ပြည်တွင်းနှင့် နိုင်ငံတကာ သတင်းများကို နေ့စဉ်နံနက် ၇ နာရီမှ မွန်းလွဲ ၃ နာရီ အထိ ၂၄ နာရီအတွင်း သုံးကြိမ် သတင်း update ပြုလုပ်၍ ပုံမှန်ထုတ်လွှင့်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

နေပြည်တော် လယ်ဝေးမြို့ စမတောင်မိဘမဲ့ဂေဟာ၌ ဆန်အိတ် ၁၀၀၀ ကျော်နှင့် စာရေးကိရိယာများလှူဒါန်း

နေပြည်တော် ဒီဇင်ဘာ ၃

နေပြည်တော် လယ်ဝေးမြို့ရှိ စမတောင်မိဘမဲ့ဂေဟာ၌ မိဘမဲ့ကလေးများနှင့် ဂေဟာတာဝန်ရှိသူများအတွက် ဆန်အိတ်ပေါင်း ၁၀၀၀ ကျော်နှင့် ကလေးငယ်များ

စာသင်သည့်အခါ အသုံးပြုနိုင်ရန် စာရေးကိရိယာများကို ရောင်းပြန်မေတ္တာ အက်တမ်၏ စေတနာအစီအစဉ်ဖြင့် ဒီဇင်ဘာ ၁ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ လှူဒါန်းမှုနှင့် ပတ်သက်၍ အက်တမ်(ATOM)၏ ဒုတိယအမှုဆောင် အရာရှိချုပ် ဦးဝင်းပိုင်ကျော်က "ကျွန်တော်တို့ရဲ့ လှူဒါန်းမှုတွေကတစ်ဆင့် စမတောင် မိဘမဲ့ဂေဟာက လူမှုရပ်ဝန်းလေးကို ပျော်ရွှင်မှုတွေ ယူဆောင် ပေးနိုင်တဲ့အတွက် ဝမ်းမြောက်မိပါတယ်။ ကျွန်တော်တို့အနေနဲ့ မြန်မာငွေကျပ်သိန်းပေါင်း ၇၀၀၀ ကျော်ကို ရောင်းပြန်မေတ္တာ အက်တမ်၏စေတနာ လှုပ်ရှားမှုအစီအစဉ်ပေါင်း ၂၀၀ ကျော်အတွက် ခွဲဝေအသုံးပြုဖို့ လျာထားပြီး လူပေါင်းနှစ်သိန်းကျော်ကို အကျိုးပြုနိုင်ဖို့ ရည်ရွယ်ထားပါတယ်။ နောက်လာမယ့် ရက်သတ္တပတ် တွေမှာလည်း အခြား လူ့အဖွဲ့အစည်းများ အတွက် ကူညီထောက်ပံ့ပေးသွားဖို့ရှိပါတယ်" ဟုပြောသည်။

အဆိုပါ စမတောင်မိဘမဲ့ဂေဟာကို ဆန်အိတ် ၁၀၀၀ ကျော်၊ စားသောက်ကုန်ပစ္စည်းများနှင့် ကလေးများအတွက် စာရေးကိရိယာများ လှူဒါန်းခြင်း၊ စမတောင်ပေါ်ရှိ ဘုရားစေတီပုထိုးများသို့ လာရောက်ကြသည့် ဘုရားဖူး ပြည်သူများအတွက် ပဋ္ဌာန်းစာအုပ်များ လှူဒါန်းခြင်း၊ ကုန်တိုက်များ၊ စားသောက်ဆိုင်များနှင့် ဓာတ်ဆီဆိုင်များ၌ ကူပွန်လက်မှတ်များ ပေးဝေခြင်းအပြင် ATOM အသုံးပြုသူများအတွက် အခမဲ့ Voice Pack များနှင့် လက်ဆောင် ပစ္စည်းများလည်း လှူဒါန်းခဲ့သည်။ တန်ဆောင်တိုင် အများပြည်သူ ရုံးပိတ်ရက်ဖြစ်သည့် နိုဝင်ဘာ ၅ ရက်မှ ၇ ရက်နေ့အထိ ရန်ကုန်မြို့ အောင်မင်္ဂလာ အဝေးပြေးကားဂိတ်နှင့် မန္တလေးမြို့ ကျွဲဆည်ကန် အဝေးပြေးကားဂိတ်များတွင်လည်း ခရီးသွားများအတွက် အသွားအပြန် ကားလက်မှတ်များကို လှူဒါန်းခဲ့သည်။ အက်တမ် (ATOM) သည် ရောင်းပြန်မေတ္တာ အက်တမ်၏ စေတနာအစီအစဉ်ဖြင့် အလှူအတန်းများကို အောက်တိုဘာလမှ စတင်၍ မြန်မာနိုင်ငံရှိ မြို့ပေါင်း ၇၀ ကျော်မှ လူမှုအသိုင်းအဝိုင်းများအား လှူဒါန်းလျက်ရှိကြောင်း သိရသည်။

ဟိန်းထက်ဇော်
(မြန်မာ့အလင်း)

(၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နီးနှောဖလှယ်ပွဲအား ဂုဏ်ပြုကြိုဆိုခြင်း

– – – နေနေနိုင်ရည် (တိုင်းရင်းဆေးပညာဦးစီးဌာန) – – –

(၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် (၂၁)ကြိမ်မြောက်မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ (၈၊ ၉)ရက် တို့တွင် MICC-2 နေပြည်တော်၌ ကျင်းပမည်ဖြစ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို ၂၀၀၀ ပြည့်နှစ်မှစတင်ပြီး နိုင်ငံတော်အဆင့် နှစ်စဉ်အောင်မြင်စွာကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် (၂၁)ကြိမ်မြောက် ရှိခဲ့ပြီဖြစ်ပါသည်။ ယခုကဲ့သို့အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းသည် တိုင်းရင်းဆေးသမားတော်ကြီးများအားလုံး၏ စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများသာမက နိုင်ငံတော်အစိုးရ၏ ပံ့ပိုးမှုများကြောင့် ဖြစ်ပါသည်။

ယခုအခါ ပြည်သူလူထု၏ ကျန်းမာရေးကို တိုင်းရင်းဆေးပညာဖြင့် ထိရောက်စွာ အထောက်အကူပြုနိုင်ရန် အလွှာစုံမှ ပညာရှင်များပါဝင်သော (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၈ ရက်မှ ၉ ရက်အထိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)တွင် ကျင်းပသွားမည် ဖြစ်ပါသည်။

ထိုကဲ့သို့တိုင်းရင်းဆေးသမားတော်များသာမက နီးနွယ်ပညာရှင်များပါ ပါဝင်ပြီး မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကျင်းပ၍ အတွေ့အကြုံ၊ အတွေးအမြင်များကို ဖလှယ်ကြခြင်းဖြင့် မြန်မာ့တိုင်းရင်းဆေးပညာအဆင့်အတန်း မြင့်မားရန် အထောက်အကူကောင်းများ ရရှိမည်ဖြစ်ပါသည်။

အခြေအနေကောင်းများ ဖြစ်ထွန်းတည်ရှိနေ

ယနေ့ခေတ်ကာလသည် မြန်မာ့တိုင်းရင်းဆေးပညာကို နိုင်ငံတော်အစိုးရ၏ အားပေးချီးမြှောက်မှု၊ တိုင်းရင်းဆေးသမားတော်ကြီးများ၏ တိုင်းရင်းဆေးပညာအကျိုး ရှေးရှုကြိုးပမ်းဆောင်ရွက်မှုနှင့် ပြည်သူများ၏ မြန်မာ့တိုင်းရင်းဆေးအပေါ် ယုံကြည်ကိုးစားအားပေးမှုတို့ အပြန်အလှန်ပေါင်းစည်းအကျိုးပြုလျက် မြန်မာ့တိုင်းရင်းဆေးပညာ ထွန်းတောက်အောင် အားသွန်ခွန်စိုက် ကြိုးပမ်းသွားနိုင်မည့် အခြေအနေကောင်းများ ဖြစ်ထွန်းတည်ရှိနေပြီ ဖြစ်ပါသည်။

ရှေးယခင်နှစ်ပေါင်းများစွာမှသည် ပြည်သူအများစုသည် မြန်မာ့တိုင်းရင်းဆေးများကို အားကိုးအားထားပြုလာခဲ့ကြသည်မှာ ယနေ့မျက်မှောက်ခေတ်ကာလအထိဖြစ်ပါသည်။ အထူးသဖြင့် ယနေ့မျက်မှောက်ခေတ်ကာလတွင် တိုင်းရင်းဆေးဆရာကြီးများ၏ အရည်အသွေးကို ပိုမိုယုံကြည်လက်ခံလာကြပါသည်။ ဤကဲ့သို့သော အခြေအနေတွင် မြန်မာ့တိုင်းရင်းဆေးဆရာကြီးများကလည်း မြန်မာ့တိုင်းရင်းဆေးဖြင့် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်ရန်နှင့် မိမိတို့၏ အရည်အသွေး၊ ဂုဏ်သိက္ခာကိုလည်း ပိုမိုတိုးတက်သည်ထက် တိုးတက်အောင်ကြံဆောင်နေကြသည်မှာလည်း ဂုဏ်ယူဖွယ်ဖြစ်ပြီး မြန်မာ့တိုင်းရင်းဆေးပညာနှင့် တိုင်းရင်းဆေးဝါးများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပေးနိုင်သည့် နီးနွယ်ဆေးပညာရှင်များ၊ ဆေးဝါးဗေဒ၊ ဓာတုဗေဒ၊ ရုက္ခဗေဒ၊ အဏုဇီဝဗေဒ အစရှိသော ကျွမ်းကျင်မှုဆိုင်ရာ ပညာရှင်များနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

(၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲကို အစီအစဉ်နှစ်ရပ်ဖြင့် ကျင်းပသွားမည်ဖြစ်ပါသည်။

ရည်ရွယ်ချက်များ

မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံကျင်းပရခြင်း၏ ရည်ရွယ်ချက်များအနေဖြင့် မြန်မာ့တိုင်းရင်းဆေးလောက ဘက်စုံအဆင့်အတန်းမြင့်မားရေးနှင့် မြန်မာ့တိုင်းရင်းဆေးပညာအရည်အသွေး ဖွံ့ဖြိုးတိုးတက်မှု ပိုမိုရရှိစေရန်၊ မြန်မာ့တိုင်းရင်းဆေးဆရာတို့၏ အရည်အချင်းနှင့် ကျင့်ဝတ်ဂုဏ်သိက္ခာ ပိုမိုမြင့်မားလာစေရန်၊ မြန်မာ့တိုင်းရင်းဆေးပညာနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်မှုနည်းပညာများ ပိုမိုဖွံ့ဖြိုးတိုးတက်ရန် ပြည်တွင်းပြည်ပရှိ ဆက်စပ်နီးနွယ်ပညာရှင်များ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် စသည့်ရည်ရွယ်ချက်များနှင့် ကျင်းပခြင်းဖြစ်ပါသည်။

ထို့အတူ မြန်မာ့တိုင်းရင်းဆေးပညာ နီးနှောဖလှယ်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များမှာ မြန်မာ့တိုင်းရင်းဆေးပညာကုထုံးများဖြင့် ပြည်သူလူထု၏ကျန်းမာရေးကို ပိုမိုထိရောက်စွာ စောင့်ရှောက်မှုပေးနိုင်ရန်အတွက် အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ ဖြစ်လာစေရေး လေ့ကျင့်ပေးရန်၊ အန္တရာယ်ကင်းရှင်း၍ အရည်အသွေးမြင့်မားသည့် အစွမ်းထက်တိုင်းရင်းဆေးဝါးများ ပေါ်ထွက်လာစေရေးအတွက် တိုင်းရင်းဆေးသုတေသနလုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်ရန်၊ တိုင်းရင်းဆေးဖြင့် ပြည်သူလူထုအား ပဏာမကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများကို ကျေးလက်ဒေသအထိ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်အတွက် ဒေသခံ တိုင်းရင်းဆေးဆရာများနှင့် ပူးပေါင်းဆောင်ရွက်ရန်တို့ဖြစ်ပါသည်။

ညီလာခံ၏ အသက်သွေးကြော

အထက်ဖော်ပြပါ ရည်ရွယ်ချက်များအပြင် (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နီးနှောဖလှယ်ပွဲတွင် ညီလာခံ၏ အသက်သွေးကြောဖြစ်သည့် အဆိုပြုချက်များတင်သွင်းပြီး ထောက်ခံဆွေးနွေးချက်များကို ညီလာခံတွင် တင်သွင်းဖတ်ကြားကြမည်ဖြစ်ရာ ဒေသနာနယ၊ ဘေသဇနယ၊ နက္ခတ္တနယ၊ ဝိဇ္ဇာဝရနယ ဟူသည့် နယကြီးလေးပါးကိုအခြေခံသော မြန်မာ့တိုင်းရင်းဆေးပညာ ကုထုံးနည်းစနစ်များကို အမျိုးသားရေးအမွေအနှစ်အဖြစ် ထိန်းသိမ်းစောင့်ရှောက်၍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ကြိုးပမ်းဆောင်ရွက်ရန်၊ တိုင်းရင်းဆေးသမားတော်များ စောင့်ထိန်းအပ်သည့် နဝရတ်ကတိသစ္စာနှင့် သမားတို့၏ ကျင့်ဝတ်သိက္ခာကို စွဲမြဲစွာနေလုံးသွင်း စောင့်ထိန်းပြီး စည်းလုံးညီညွတ်၍ ဂုဏ်သိက္ခာမြင့်မားသည့် မြန်မာ့တိုင်းရင်းဆေးသမားတော်များဖြစ်စေရေး ဝိုင်းဝန်းထိန်းသိမ်းကြိုးပမ်းဆောင်ရွက်ရန်၊ ခေတ်မီ၍ အရည်အသွေးပြည့်ဝသော မျိုးဆက်သစ် တိုင်းရင်းဆေးပညာရှင်များ ပိုမိုမွေးထုတ်ပေးနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ အရည်အသွေးပြည့်ဝ၍ အစွမ်းထက်မြက်သော တိုင်းရင်းဆေးဝါးများပေါ်ထွက်လာစေရေးအတွက် သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်နှင့် ရိုးရာတိုင်းရင်းဆေးကုထုံး နည်းစနစ်များနှင့် ဆေးဝါးများကို လက်တွေ့အသုံးချနိုင်ရေးအတွက် စနစ်တကျပြန်လည်ဖော်ထုတ်ရန်တို့ကို အဆိုပြုတင်ပြ ထောက်ခံဆွေးနွေးကြမည်ဖြစ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲနေ့တွင် ရိုးရာတိုင်းရင်းဆေးကုထုံး နည်းစနစ်များနှင့် ဆေးဝါးများကို လက်တွေ့အသုံးချနိုင်ရေးအတွက် စနစ်တကျ ပြန်လည်ဖော်ထုတ်ရန်အဆိုနှင့် နီးနွယ်သော ရိုးရာတိုင်းရင်းဆေးကုထုံးနှင့် ဆေးဝါးစာတမ်းများကို ဖိတ်ခေါ်ပြီး စာတမ်းများတင်သွင်းဖတ်ကြားမည်ဖြစ်ပါသည်။ မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများက စေတနာ၊ ပညာ၊ ဝါယမ အားစိုက်မှုများဖြင့် နီးနှောဆွေးနွေးကြကာ မျိုးဆက်သစ်လူငယ်များအတွက် လက်ဆင့်ကမ်းအမွေအနှစ်များပေးနိုင်ရန် ပူးပေါင်းပါဝင်သွားကြမည်ဖြစ်ပါသည်။

> **"မြန်မာ့တိုင်းရင်းဆေးပညာ လောက၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရများ ဖွံ့ဖြိုးတိုးတက်လာစေရန် မြန်မာ့တိုင်းရင်းဆေးပညာရှင်များ၊ သက်ဆိုင်ရာကဏ္ဍအသီးသီးမှ ပညာရှင်များက ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည်ဖြစ်၍ မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကြီးသည် မြန်မာ့တိုင်းရင်းဆေးသမားတော်များ၏ စည်းလုံးညီညွတ်မှုကို ပြသသည့် ပြယုဂ်တစ်ခုဖြစ်သည်နှင့်အညီ တိုင်းရင်းဆေးလောက ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံသစ်ဉာဏ်သစ်များ၊ အတွေးအခေါ်သစ်များ ဖော်ဆောင်ပေးမည့် ညီလာခံတစ်ရပ်အဖြစ် မြင်တွေ့ရမည်"**

ပြခန်းငယ်များ

ထို့အပြင် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၏ ပြခန်းငယ်များကိုလည်း စိတ်ဝင်စားဖွယ် ခင်းကျင်းပြသထားမည်ဖြစ်ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှလည်း မိမိတို့၏ အရပ်ဒေသမှထွက်ရှိသည့် တိုင်းရင်းဆေး၏ မူလအရင်းအမြစ်များဖြစ်သော အပင်ထွက်၊ ရေထွက်၊ တိရစ္ဆာန်ထွက်၊ တွင်းထွက်ဆေးပစ္စည်းများကို စိတ်ဝင်စားဖွယ် ခင်းကျင်းပြသသွားမည်ဖြစ်ပါသည်။

နိုင်ငံတော်အဆင့် ညီလာခံကြီး

(၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲကြီးကို ကျန်းမာရေးဝန်ကြီးဌာနတစ်ခုတည်းဖြင့် တာဝန်ယူဆောင်ရွက်သည်မဟုတ်ဘဲ နီးနွယ်ဆက်စပ်နေသည့် ဝန်ကြီးဌာနများ၏ ပူးပေါင်းပါဝင်မှုများဖြင့် နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာကျင်းပမည့် ညီလာခံကြီးပင်ဖြစ်ပါသည်။

(၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲသို့ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်တို့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအကြံပေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းရင်းဆေးညီလာခံ ကိုယ်စားလှယ်များ၊ ပြည်တွင်း ပြည်ပမှ အစိုးရအဖွဲ့မဟုတ်သောအဖွဲ့အစည်းများနှင့် နီးနွယ်ပညာရှင် ကိုယ်စားလှယ်များ စုံညီစွာတက်ရောက်ဆွေးနွေးကြမည်ဖြစ်ပါသည်။

ညီလာခံတစ်ရပ်အဖြစ် မြင်တွေ့ရမည်

သို့ဖြစ်ပါ၍ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲကျင်းပရာတွင် မြန်မာ့တိုင်းရင်းဆေးပညာလောက၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရများ ဖွံ့ဖြိုးတိုးတက်လာစေရန် မြန်မာ့တိုင်းရင်းဆေးပညာရှင်များ၊ သက်ဆိုင်ရာကဏ္ဍအသီးသီးမှ ပညာရှင်များက ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည်ဖြစ်၍ မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကြီးသည် မြန်မာ့တိုင်းရင်းဆေးသမားတော်များ၏ စည်းလုံးညီညွတ်မှုကိုပြသသည့် ပြယုဂ်တစ်ခုဖြစ်သည်နှင့်အညီ တိုင်းရင်းဆေးလောက ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံသစ်ဉာဏ်သစ်များ၊ အတွေးအခေါ်သစ်များ ဖော်ဆောင်ပေးမည့် ညီလာခံတစ်ရပ်အဖြစ် မြင်တွေ့ရမည်ဖြစ်ပါကြောင်း တင်ပြရင်း "(၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲ" အား ဂုဏ်ပြုကြိုဆိုလျက် ရေးသားတင်ပြလိုက်ရပါသည်။ ။

ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဒီဇင်ဘာ ၃

ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ မဂ်လာသီရိပတ္တာကျောင်းတိုက်၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ ဃောသိတာရာမကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ သာသနာ့ရက္ခိတကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ ရွှေလှိုင်ပရိယတ္တိစာသင်တိုက်၊ မဂ်လာဒုံမြို့နယ်ရှိ ရွှေဥမင်ဓမ္မသုခကျောင်းတိုက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ ရေလယ်ကျောင်းတိုက်နှင့် ရန်ကင်းမြို့နယ်ရှိ ပဠွနိကာယ သာသနာ့ဗိမာန်ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ မဟာနန္ဒိသေနာရာမကျောင်းတိုက်နှင့် မဟာအောင်မြေမြို့နယ်ရှိ မဟာမြိုင်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်ရှိ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်(ဝဲပုံ)နှင့် မရမ်းကုန်းမြို့နယ်ရှိ ပစ္ဆိမာရုံကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အေးမြဂရုဏာကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ သစ္စာတောရကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရခိုင်ပြည်နယ် အမ်းမြို့နယ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမြင့်နှင့် ဝန်ထမ်းများ ဒီဇင်ဘာ ၁ ရက်က အမ်းမြို့ရှိစွယ်တော်ကျောင်းတိုက်နှင့် ဓမ္မရက္ခိတ ဝိပဿနာကျောင်းတိုက်ရှိ ဆရာတော်ကြီးများထံ ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ပဲများ ဆက်ကပ်လှူဒါန်းစဉ်။ မြို့နယ်(ပြန်/ဆက်)

နယ်စပ်ရေးရာဝန်ကြီးဌာနက ကျောက်ဖြူမြို့နယ်ရှိ ကျေးရွာများသို့ အိမ်သုံးဆိုလာနှင့် ဆိုလာလမ်းမီးတိုင်များ ထောက်ပံ့ပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၃

နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်ရှိ ကျေးရွာများဖြစ်သည့် ဆင်ဘုတ်ချောင်းဖျား ကျေးရွာ၊ ပန်းတောကြီးကျေးရွာ၊ တောင်စွယ်(ခေါ်)တောင်ကြီးရင်းကျေးရွာနှင့် အဟောင်းတောင်ကျေးရွာများသို့ အိမ်သုံးဆိုလာ ၆၈ စုံနှင့် ဆိုလာမီးတိုင် ၆၀ ပေးအပ်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ကျောက်ဖြူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျောက်ဖြူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲလင်းမောင်က အမှာစကား ပြောကြားပြီး ကျောင်ဖြူခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးစံက လှူဒါန်းရသည့် အကြောင်းရင်းနှင့် အိမ်သုံးဆိုလာနှင့် ဆိုလာလမ်းမီးတိုင် အသုံးပြုပုံများ

ကို ရှင်းလင်း ပြောကြားကာ ကျေးရွာများမှ တာဝန်ရှိသူများထံ အိမ်သုံးဆိုလာ ၆၈ စုံနှင့် ဆိုလာမီးတိုင် ၆၀ ပေးအပ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

သတင်းစဉ်

တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် ဒီဇင်ဘာ ၃

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၂၇၅ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၅၃၂၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့၌ ကျောင်းသား ကျောင်းသူ ၄၀၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် နာခေါင်းစည်းများကို ပြည်သူများလက်ဝယ် အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ် ၄၄ မြို့နယ်တို့မှ စာသင်ကျောင်းများ၊ စျေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ နာခေါင်းစည်းများတပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နာခေါင်းစည်းများ အား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

✪ *ကျောဖုံးမှ*

အဓိကတွဲဆိုင်းအဖြစ် လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲတွင် လက်ရှိချန်ပီယံ နယ်သာလန်နိုင်ငံသား ဒီရစ်ဒါနှင့် စိန်ခေါ်သူ ရုရှားနိုင်ငံသား အန်နာတိုလီမာလီကင်တို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။ ဒီရစ်ဒါသည် ၂၀၂၀ နှင့် ၂၀၂၁ ခုနှစ်တွင် မြန်မာ MMA ဖိုက်တာ အောင်လအန်ဆန်ကို မစ်ဒယ်ဝိတ်တန်းနှင့် လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲများတွင် ဆက်တိုက်အနိုင်ယူကာ ONE Championship ၏ MMA ပြိုင်ပွဲများတွင် ရုတ်တရက် နာမည်ရလာသူဖြစ်ပြီး ၁၆ ပွဲ ရှုံးပွဲမရှိမှတ်တမ်းနှင့် ၎င်း၏ချုပ်ကွက်များ ကြောင့်လည်း ပိုမိုထင်ရှားလာသူဖြစ်သည်။ ဒီရစ်ဒါသည် ယခုပွဲတွင် ၎င်း၏နာမည်ကျော် ချုပ်ကွက်ကို အသုံးပြုနိုင်ခြင်းမရှိတဲ့ Interim ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံတစ်ဦးဖြစ်သူ အန်နာတိုလီမာလီကင်က အကောင်းဆုံး တုံ့ပြန်နိုင်ခဲ့သည်။

အန်နာတိုလီမာလီကင်သည် ဒီရစ်ဒါ ၏ အချုပ်မခံရသလို ဘယ်၊ညာ လက်သီးချက်များဖြင့် တုံ့ပြန်ခဲ့ရာ ဒီရစ်ဒါ အထိနာခဲ့သည်။ အန်နာတိုလီမာလီကင်၏ အားပါလှသည့် လက်သီးများမှာ ဒီရစ်ဒါ၏ မျက်နှာကို ဆက်တိုက်ထိမှန်ခဲ့ပြီး ပထမအချီမှာပင် အနိုင်ရခဲ့ခြင်း ဖြစ်သည်။ အန်နာတိုလီမာလီကင်သည် အားပါလှသည့် လက်သီးချက်များဖြင့် ဆက်တိုက်ပစ်သွင်းကာ ပထမအချီ ၄ မိနစ် ၃၅ စက္ကန့်တွင် ဒိုင်ပွဲရပ်ဖြင့် အနိုင်ရခဲ့သည်။

အနိုင်ရခဲ့သည့် အန်နာတိုလီမာလီကင်သည် Interim ဟဲဗီးဝိတ်တန်းနှင့် လိုက်ဟဲဗီးဝိတ်တန်းတို့၏ ဝိတ်တန်းနှစ်ခု ကမ္ဘာ့ချန်ပီယံ ဖြစ်လာပြီး အရေးနိမ့်ခဲ့သည့် ဒီရစ်ဒါမှာမူ မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံအဖြစ်သာ ဆက်လက်ရပ်တည်နိုင်ခဲ့သည်။

ရဲရင့်လွင်၊ ဓာတ်ပုံ-ONE

ONE 164 ပြိုင်ပွဲ ဘင်တန်ဝိတ်တန်းစိန်ခေါ်ပွဲတွင် မြန်မာ MMA ဖိုက်တာ ထီရယ်လ်ထန် ချုပ်ကွက်ဖြင့် အရေးနိမ့်

ရန်ကုန် ဒီဇင်ဘာ ၃

ONE Championship အဖွဲ့အစည်းက စီစဉ်ကျင်းပသည့် ONE 164 ပြိုင်ပွဲကို ဒီဇင်ဘာ ၃ ရက်က ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပရာ မြန်မာ MMA ဖိုက်တာ ထီရယ်လ်ထန်သည် ဒုတိယအချီတွင် ချုပ်ကွက်ဖြင့် အရေးနိမ့်ခဲ့သည်။

ထီရယ်လ်ထန်သည် ONE Championship အဖွဲ့အစည်းနှင့် လက်တွဲအပြီး ခြောက်ပွဲမြောက် ထိုးသတ်ရာတွင် ဒုတိယမြောက် ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ ထီရယ်လ်ထန်သည် ယခုနှစ်အတွင်း ထိုးသတ်သည့်နှစ်ပွဲတွင် နိုင်ပွဲမရခဲ့ဘဲ ဖေဖော်ဝါရီက ထိုးသတ်သည့်ပွဲတွင်လည်း တားမြစ်ထားသည့်နေရာကို ထိုးသတ်မိသဖြင့် အရှုံးအနိုင်မသတ်မှတ်ဘဲ ပွဲရပ်နားခဲ့သည်။ ထီရယ်လ်ထန်သည် နိုင်ပွဲရရန် ကြိုးပမ်းခဲ့သော်လည်း ဒုတိယအချီတွင် ချုပ်ကွက်မိပြီး အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ထီရယ်လ်ထန်ထက် MMA ပွဲအတွေ့အကြုံများသည့် အိမ်ရှင်ဖိလစ်ပိုင်နိုင်ငံသား ပက်ကာတူသည် ပထမအချီတွင် လက်သီးအားပြုထိုးသတ်ခဲ့သော်လည်း ဒုတိယအချီတွင် ချုပ်ကွက်ဖြင့် အနိုင်ယူခဲ့ခြင်းဖြစ်သည်။ ပထမအချီအရ နှစ်ဦးစလုံး ကွာခြားမှုမရှိသော်လည်း ပက်ကာတူက ပိုမိုဖိအားပေးထိုးသတ်နိုင်ခဲ့သည်။ သို့သော် ထီရယ်လ်ထန်သည် လက်သီးချက်များ မထိအောင် ကာကွယ်နိုင်ခဲ့ပြီး တန်ပြန်လက်သီးများက အထိနာစေခဲ့သည်။ ဒုတိယအချီတွင်မူ ပက်ကာတူ၏ ခြေကန်ချက်ကို ထီရယ်လ်ထန် ထိန်းပြီးပြန်ထိုးရန် ကြိုးစားရာမှ ချုပ်ခံရပြီး လဲအကျတွင်လည်း ရုန်းမထွက်နိုင်ဘဲ ဆက်လက်အချုပ်ခံခဲ့ရသည်။ ပက်ကာတူသည် ထီရယ်လ်ထန် ဦးခေါင်းကို ခြေဖြင့်ချုပ်ပြီး ဒုတိယအချီ ၁ မိနစ် ၁၇ စက္ကန့်တွင် အနိုင်ယူခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

ယင်းပြိုင်ပွဲတွင် တွဲဆိုင်း ၁၁ ပွဲပါဝင်ခဲ့ပြီး အပိုင်းနှစ်ပိုင်းခွဲ၍ ကျင်းပခဲ့သည်။ အပိုင်း-၂ Main Card တွင် နာမည်ကြီးကစားသမားများ၊ ချန်ပီယံလုပွဲများ ထည့်သွင်းကျင်းပခဲ့ပြီး အောင်လအန်ဆန်နှင့် ထိုးသတ်ဖူးသည့် ဖိလစ်ပိုင်နိုင်ငံသား ဘရန်ဒန်ဗီရာ၏ ဟဲဗီးဝိတ်တန်း စိန်ခေါ်ပွဲလည်း ပါဝင်ခဲ့သည်။ ဘရန်ဒန်ဗီရာသည် အီရန်နိုင်ငံသား အမ်မရီနှင့် ထိုးသတ်ခဲ့ရာ ပထမအချီ ၃ မိနစ် ၃၇ စက္ကန့်တွင် အရေးနိမ့်ခဲ့သည်။ ဘရန်ဒန်ဗီရာသည် ၂၀၁၉ ခုနှစ် အောက်တိုဘာတွင် လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲအဖြစ် အောင်လအန်ဆန်နှင့် ထိုးသတ်ခဲ့ရာ အရေးနိမ့်ခဲ့ပြီး ၂၀၂၁ ခုနှစ် ဧပြီတွင် ၎င်း၏ အဓိကဝိတ်တန်းဖြစ်သည့် ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲအဖြစ် အာဂျန်ဘူလာနှင့်ထိုးသတ်ရာ အရေးနိမ့်ကာ ချန်ပီယံခါးပတ်လက်လွှတ်ခဲ့ရသည်။ ဗီရာသည် ချန်ပီယံခါးပတ် လက်လွှတ်ရအပြီး တစ်နှစ်ခွဲကျော်အကြာတွင် စိန်ခေါ်ပွဲ ထပ်မံထိုးသတ်ရာ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ-ONE**

အမေရိကန် ဖို့ဒ်ကား ရောင်းချရမှု နိုဝင်ဘာလတွင် ကျဆင်း

ချီကာဂို ဒီဇင်ဘာ ၃

နိုဝင်ဘာလအတွင်း အမေရိကန်ပြည်ထောင်စု၌ ဖို့ဒ်ကားအစီးရေ ၁၄၆၃၆၄ စီး ရောင်းချရသည်ဟု ဖို့ဒ်ကားကုမ္ပဏီက ၎င်း၏ဝက်ဘ်ဆိုက်တွင် ဖော်ပြထားရာ ကားရောင်းချရမှုမှာ ၇ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းသွားသည်ဟု ကြေညာခဲ့သည်။

နိုဝင်ဘာလအတွင်း ထရပ်ကား အစီးရေ ၈၁၂၁၀ ရောင်းချနိုင်ခဲ့ပြီး တစ်နှစ်ထက် တစ်နှစ် ရောင်းချရမှုမှာ ၁ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းလာသည်။ လျှပ်စစ်ကားအစီးရေ ၆၂၅၅ စီး ရောင်းချရပြီး လျှပ်စစ်ကားရောင်းချရမှုမှာ ၁၀၂ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်လာခဲ့သည်။ ဖို့ဒ်ကားကုမ္ပဏီသည် အမေရိကန်တွင် တက်စလာနောက် လျှပ်စစ်ကားထုတ်လုပ်မှု ဒုတိယအများဆုံးကုမ္ပဏီ ဖြစ်လာခဲ့သည်။

ယခုနှစ် ၁၁ လတာ ကာလအတွင်း အမေရိကန်ပြည်ထောင်စုအတွင်း ဖို့ဒ်ကားကုမ္ပဏီထုတ် လျှပ်စစ်ကားအစီးရေ ၅၃၇၅ စီး ရောင်းချနိုင်ခဲ့သည်။ ဖို့ဒ်ကားကုမ္ပဏီ ၏ ရောင်းအားသည် ၂ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းသွားသည်။

အခြားသော ကားထုတ်လုပ်ရေး ကုမ္ပဏီများတွင်လည်း အမေရိကန်၌ အမေရိကန် ဟွန်ဒါကား ရောင်းချရမှုမှာ နိုဝင်ဘာလအတွင်း ၆ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းသွားပြီး ဟွန်ဒိုင်းမော်တာ အမေရိကမှာမူ နိုဝင်ဘာလအတွင်း ရောင်းချအား ၄၃ ရာခိုင်နှုန်း တိုးလာသည်ဟု သိရသည်။

ဆင်ဟွာ

ဖိလစ်ပိုင်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအသစ် ၁၂၃၄ ဦး တွေ့ရှိပြီး ၁၉ ဦး သေဆုံး

မနီလာ ဒီဇင်ဘာ ၃

ဖိလစ်ပိုင်နိုင်ငံ၌ ဒီဇင်ဘာ ၃ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အသစ် ၁၂၃၄ ဦး စစ်ဆေးတွေ့ရှိသည့်အတွက် ရောဂါကူးစက်ခံရသူ စုစုပေါင်း ၄၀၃၉၉၇၈ ဦးအထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ပိုးတွေ့ဆဲလူနာအရေအတွက် ၁၈၄၃၀ သို့ ကျဆင်းလာကြောင်းနှင့် အဆိုပါရောဂါကြောင့် ထပ်မံသေဆုံးသူ ၁၉ ဦးရှိသည့်အတွက် စုစုပေါင်းသေဆုံးသူ ၆၄၇၀၁ ဦးအထိ ရှိလာကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာနက ပြောသည်။

လူဦးရေ ၁၃ သန်းကျော်နေထိုင်သော မြို့တော် မနီလာတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၄၃၃ ဦးရှိကြောင်း သိရသည်။ ဖိလစ်ပိုင်နိုင်ငံ၌ ဧနန်၀ါရီ ၁၅ ရက်သည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၉၀၀၄ ဦးဖြင့် တစ်ရက်တည်း အများဆုံးကူးစက်မှုအမြင့်ဆုံးအဖြစ် မှတ်တမ်းတင်ထားသည်။

လူဦးရေ သန်း ၁၁၀ ခန့်ရှိသော ဖိလစ်ပိုင်နိုင်ငံ၌ ၇၃ ဒသမ ၇ သန်းကျော်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အပြည့်ထိုးနှံထားကြောင်း သိရသည်။

ဆင်ဟွာ

ယူဂန္ဒာနိုင်ငံ၌ လွန်ခဲ့သည့် ၁၂ ရက်အတွင်း အီဘိုလာရောဂါကူးစက်ခံရသူ မရှိဟုဆို

ကမ်ပါလာ ဒီဇင်ဘာ ၃

ယူဂန္ဒာနိုင်ငံ၌ လွန်ခဲ့သည့် ၁၂ ရက်အတွင်း အီဘိုလာရောဂါ ကူးစက်မှုမရှိသည့်အတွက် အီဘိုလာရောဂါ ကူးစက်မှုတိုက်ဖျက်ရာတွင် တိုးတက်မှုရှိကြောင်း ဒီဇင်ဘာ ၂ ရက်တွင် ထိပ်တန်းအရာရှိတစ်ဦးက ပြောသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူ အိတ်ချ်အို)က ၄၂ ရက်အတွင်း အီဘိုလာရောဂါ ထပ်မံကူးစက်ခံရသူမရှိပါက ရောဂါကင်းစင်ကြောင်း ထုတ်ပြန်နိုင်သည်ဟု ကြေညာထားသည့်အတွက် ဒီဇင်ဘာ ၁၇ ရက်အထိ အီဘိုလာရောဂါ ကူးစက်ခံရသူမရှိပါက ယူဂန္ဒာနိုင်ငံအနေဖြင့် အီဘိုလာရောဂါ ကင်းစင်ကြောင်း ကြေညာနိုင်မည်ဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီး ရှာသ်အေဆန့်က ပြောသည်။

ယူဂန္ဒာနိုင်ငံ အလယ်ပိုင်းဒေသ မူဘာန်ဒီခရိုင်တွင် အီဘိုလာရောဂါ ကူးစက်သူစစ်ဆေးတွေ့ရှိပြီးနောက် လက်ရှိအီဘိုလာရောဂါ ကူးစက်ဖြစ်ပွားမှုကို စက်တင်ဘာ ၂၀ ရက်တွင် ထုတ်ပြန်ကြေညာထားသည်။ အဆိုပါ ကူးစက်မှုက နယ်နိမိတ်ချင်းထိစပ်နေသည့် ခရိုင်များအပြင် မြို့တော်ကမ်ပါလာနှင့် ဂျီဂျာ မြို့တို့သို့ ကူးစက်ပျံ့နှံ့မှု ဖြစ်ပွားခဲ့သည်။

နိုဝင်ဘာ ၃၀ ရက်အထိ ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ယူဂန္ဒာနိုင်ငံ၌ အီဘိုလာရောဂါ အတည်ပြုကူးစက်ခံရသူ ၁၄၂ ဦးရှိပြီး ၈၆ ဦး ပြန်လည်သက်သာလာကာ ၅၆ ဦး သေဆုံးကြောင်း ဖော်ပြထားသည်။

ဆင်ဟွာ

သီရိလင်္ကာနိုင်ငံ၌ မိုးကြိုးအန္တရာယ်သတိပေး

ကိုလံဘို ဒီဇင်ဘာ ၃

လာမည့် ၂၄ နာရီအတွင်း နိုင်ငံ၏ဒေသအများအပြားတွင် လျှပ်စီးလက်ခြင်းအတွက် အကြံပေးချက်တစ်ခုကို သီရိလင်္ကာနိုင်ငံ မိုးလေဝသဌာနက ဒီဇင်ဘာ ၃ ရက်တွင် ထုတ်ပြန်ထားသည်။

လျှပ်စီးလက်ခြင်းနှင့်အတူ လေပြင်းများတိုက်ခတ်ခြင်းနှင့် မိုးထစ်ချုန်း ရွာသွန်းခြင်းတို့ ဖြစ်ပေါ်နိုင်ကြောင်း၊ လျှပ်စီးလက်ခြင်းကြောင့် ပျက်စီးမှုအနည်းဆုံးဖြစ်စေရန် သတိဝီရိယဖြင့် နေထိုင်ကြရန် ပြည်သူများကို သတိပေးထားကြောင်း အဆိုပါဌာနက ပြောကြားသည်။ မကြာသေးမီလများအတွင်း မိုးကြိုးပစ်ခြင်းကြောင့် လူပေါင်းများစွာ သေဆုံးခဲ့ကြောင်း၊ ပြည်နယ်နှင့် ခရိုင်များရှိ အချို့နေရာများတွင် မိုးရေချိန် ၁၀၀ မီလီမီတာအထက် မိုးရွာသွန်းနိုင်ကြောင်း အဆိုပါဌာနက ပြောကြားသည်။

ဆင်ဟွာ

ပါကစ္စတန်သံရုံးတိုက်ခိုက်ခံရမှုအတွက် အာဖဂန်နစ္စတန်ရှုတ်ချ

ကဘူးလ် ဒီဇင်ဘာ ၃

ကဘူးလ်မြို့ရှိ ပါကစ္စတန်သံရုံး တိုက်ခိုက်ခံရမှုကို ပြင်းပြင်းထန်ထန် ရှုတ်ချကြောင်း တာလီဘန်ဦးစီးသည့် အိမ်စောင့်အစိုးရက ပြောသည်။ အဆိုပါ တိုက်ခိုက်မှုသည် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပြီး တိုင်းပြည်အတွင်းရှိသံတမန်လုပ်ငန်းများ၏လုံခြုံရေးကို ထောက်ပံ့ပေးသွားမည်ဟု ပြောသည်။ ကဘူးလ်မြို့ရှိ သံတမန်လုပ်ငန်းများ၏ လုံခြုံစိတ်ချရေးကို နှောင့်ယှက်သည့် မည်သည့်အပြုအမူမျိုးကိုမဆို လက်ခံသွားမည် မဟုတ်ဟု နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒှု ကာဟာဘော့ခ်ဟီက ၎င်း၏တွစ်တာအကောင့်မှတစ်ဆင့် ပြောသည်။

သေနတ်သမားများသည် ဒီဇင်ဘာ ၂ ရက်က ကဘူးလ်မြို့ရှိ ပါကစ္စတန်သံရုံးကို ပစ်ခတ်ခဲ့ရာ အစောင့်တစ်ဦး ဒဏ်ရာရရှိခဲ့သည်။ သို့သော်လည်း အဆိုပါတိုက်ခိုက်မှုကို ဦးဆောင်သူမှာ ဒဏ်ရာမရဘဲ ထွက်ပြေးလွတ်မြောက်သွားသည်။ အဆိုပါတိုက်ခိုက်မှုနှင့်ပတ်သက်၍ မည်သည့်အုပ်စုကမှ ဝန်ခံပြောကြားခြင်း မရှိပေ။ ယင်းတိုက်ခိုက်မှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ဆက်လက်လုပ်ဆောင်လျက်ရှိပြီး ရလဒ်ကို ပြည်သူများအား ကြေညာသွားမည်ဟု သိရသည်။ လတ်တလောပါကစ္စတန်သံရုံး တိုက်ခိုက်ခံရမှုကို ပြည်တွင်းပြည်ပ ရှုတ်ချမှုများ ပြုလုပ်နေကြသည်။

ဆင်ဟွာ

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ နောက်ထပ်ကူးစက်ခံရသူ ၂၄၂၁ ဦး ထပ်မံတွေ့ရှိ

ကွာလာလမ်ပူ ဒီဇင်ဘာ ၃

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ နောက်ထပ်ကူးစက်ခံရသူ ၂၄၂၁ ဦး တွေ့ရှိပြီး နိုင်ငံတစ်ဝန်း စုစုပေါင်းကူးစက်ခံရသူပေါင်း ၄၉၉၆၄၆၄၄ ဦးထိ ရှိလာပြီဟု ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ပြည်ပမှကူးစက်လာသူမှာ နှစ်ဦးသာရှိပြီး ကျန်လူများမှာ ပြည်တွင်းကူးစက်မှုများဖြစ်ကြသည်။ ကိုဗစ်-၁၉ ရောဂါနှင့် ဆက်စပ်ပြီး သေဆုံးသူဦးရေမှာလည်း နောက်ထပ်ကိုးဦး တိုးလာသည့်အတွက် သေဆုံးသူဦးရေမှာ ၃၆၇၀၄ ဦးရှိလာပြီဖြစ်သည်။ နောက်ထပ်ပြန်လည်ကျန်းမာလာသူဦးရေ ၂၈၂၆ ဦးရှိလာသည့်အတွက် ဆင်းသွားသူပေါင်း ၄၉၃၃၆၂၀၇ ဦးထိ ရှိလာပြီဖြစ်သည်။

ဆင်ဟွာ

စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ အသစ် ၁၀၅၂ ဦး စစ်ဆေးတွေ့ရှိ

စင်ကာပူ ဒီဇင်ဘာ ၃

စင်ကာပူနိုင်ငံ၌ ဒီဇင်ဘာ ၃ ရက်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ အသစ် ၁၀၅၂ ဦး စစ်ဆေးတွေ့ရှိသည့်အတွက် နိုင်ငံတစ်ဝန်း အဆိုပါရောဂါကူးစက်ခံရသူပေါင်း ၂၁၇၁၅၅၀ အထိ ရှိလာပြီ ဖြစ်သည်။

စင်ကာပူနိုင်ငံ၌ လက်ရှိဆေးရုံတက်ရောက်ကုသမှုခံယူနေရသူပေါင်း ၁၁၆ ဦးရှိပြီး ရှစ်ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူလျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ထားသော ကိန်းဂဏန်း အချက်အလက်များအရ သိရသည်။

ဒီဇင်ဘာ ၃ ရက်တွင် စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ထပ်မံသေဆုံးသူ မရှိသည့်အတွက် စုစုပေါင်း သေဆုံးသူအရေအတွက် ၁၇၀၅ ဦးဖြင့် မပြောင်းလဲကြောင်း သိရသည်။

ဆင်ဟွာ

မော်လ်ဒိုက်နိုင်ငံသို့ ယခုနှစ် ပထမ ၁၁ လအတွင်း ကမ္ဘာလှည့်ခရီးသည် ၁ ဒသမ ၅ သန်းနီးပါး ဝင်ရောက်

ကိုလံဘို ဒီဇင်ဘာ ၃

မော်လ်ဒိုက်နိုင်ငံသို့ ယခုနှစ် ပထမ ၁၁ လအတွင်း ကမ္ဘာလှည့်ခရီးသည် ၁ ဒသမ ၅ သန်းနီးပါး လာရောက်လည်ပတ်ကြောင်း နိုင်ငံ၏ခရီးသွားလုပ်ငန်းဝန်ကြီးဌာနမှ ထုတ်ပြန်သည့် အချက်အလက် အရ သိရသည်။

ရုရှားနှင့် ဗြိတိန်နိုင်ငံတို့ပြီးနောက် အိန္ဒိယနိုင်ငံသည် မော်လ်ဒိုက်နိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံများစာရင်းတွင် ထိပ်ဆုံး၌ ရှိနေသည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ၂၀၂၀ ပြည့်နှစ်တွင် ခရီးသွားဧည့်သည်ဝင်ရောက်မှု လျော့နည်းခဲ့ပြီးနောက် ၂၀၂၁ ခုနှစ်အတွင်း မော်လ်ဒိုက်နိုင်ငံသို့ ခရီးသွားဧည့်သည်များ ပြန်လည်ဝင်ရောက်ခဲ့ပြီး တစ်နှစ်အတွင်း ခရီးသွားဧည့်သည် စုစုပေါင်း ၁၃၂၁၉၃၂ ဦး လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

၂၀၂၂ ခုနှစ်အတွင်း နိုင်ငံအတွင်းသို့ ကမ္ဘာလှည့်ခရီးသည် ၁ ဒသမ ၆ သန်း ဝင်ရောက်ရန် ရည်ရွယ်ထားကြောင်း မော်လ်ဒိုက်သမ္မတ အီဘရာဟင် မိုဟာမက်ဆိုလစ်က ယခုနှစ်အစောပိုင်းတွင် ပြောကြားသည်။

ဆင်ဟွာ

ရှင်ကျိုး-၁၄ အာကာသယာဉ်မှူးများ ကမ္ဘာမြေသို့ ဒီဇင်ဘာ ၄ ရက်တွင် ပြန်လည်ဆင်းသက်မည်

ကျိုဆွမ်း ဒီဇင်ဘာ ၃



ရှင်ကျိုး-၁၄ အာကာသယာဉ်မှူးများ။

စီစဉ်သတ်မှတ်ထားသည့် လုပ်ငန်းတာဝန်များ အောင်မြင်စွာဆောင်ရွက်ပြီးနောက် ရှင်ကျိုး-၁၄ အာကာသ ယာဉ်မှူးများသည် ဒီဇင်ဘာ ၄ ရက်တွင် ကမ္ဘာမြေသို့ ပြန်လည်ဆင်းသက်မည် ဖြစ်ကြောင်း တရုတ်လူလိုက်ပါ အာကာသအေဂျင်စီ (စီအမ်အက်စ်အေ)က ဒီဇင်ဘာ ၃ ရက်တွင် ပြောသည်။

အာကာသယာဉ်မှူး သုံးဦးသည် ရှင်ကျိုး-၁၅ အာကာသ ယာဉ်မှူးများထံ အာကာသ စခန်း ထိန်းချုပ်ရေးဆိုင်ရာများကို ဒီဇင်ဘာ ၂ ရက် ညနေပိုင်းက လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြစ်သည်ဟု ဆိုသည်။

အဆိုပါ အာကာသယာဉ်မှူး သုံးဦးသည် တရုတ်နိုင်ငံ မြောက်ပိုင်း အတွင်းမွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသရှိ တုန်းဖန်း ယာဉ်ဆင်းသက်ရာ နေရာသို့ ပြန်လည်ဆင်းသက်လာမည်ဖြစ်ကြောင်းနှင့် လက်ရှိတွင် အာကာသယာဉ်မှူးသုံးဦး ပြန်လည်ဆင်းသက်လာမည့် နေရာကို ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိကြောင်း စီအမ်အက်စ်အေက ပြောသည်။

ဆင်ဟွာ

ဗီယက်နမ်နိုင်ငံ၌ သက်ကြီးရွယ်အိုများ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရဟုဆို

ဟန္တိုင်း ဒီဇင်ဘာ ၂

ဗီယက်နိုင်ငံ၏ လူမှုဖူလုံရေးစနစ်သည် အစပိုင်းအဆင့်များတွင် ရှိနေဆဲဖြစ်ပြီး စီးပွားရေးအရင်းအမြစ်များ အကန့်အသတ်ရှိသောကြောင့် သက်ကြီးရွယ်အိုများ အနေဖြင့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရကြောင်း ဒီဇင်ဘာ ၂ ရက်တွင် ပြည်တွင်းသတင်းစာ ဗီယက်နမ်နယူးစ်တွင် ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံ၌ အသက် ၆၅ နှစ်နှင့်အထက်ရှိ သက်ကြီးပိုင်းအရေအတွက်သည် ၂၀၂၀ ပြည့်နှစ်တွင် ၇ ဒသမ ၄ သန်းနီးပါးအထိ လျင်မြန်စွာ မြင့်တက်လာသည့်အတွက် နိုင်ငံ့လူဦးရေ စုစုပေါင်း၏ ၇ ဒသမ ၇ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။ ထို့အပြင် အဆိုပါ သက်ကြီးပိုင်းအရေအတွက်သည် ၂၀၃၀ ပြည့်နှစ်အရောက်တွင် ၁၁ ဒသမ ၈ သန်းနီးပါးအထိ ရှိလာနိုင်ပြီး နိုင်ငံ့လူဦးရေစုစုပေါင်း၏ ၁၂ ရာခိုင်နှုန်း ရှိလာမည်ဟု ခန့်မှန်းထားကြောင်း အလုပ်သမား၊ သိပ္ပံနှင့် လူမှုရေးရာအဖွဲ့၏ ထုတ်ပြန်ချက် အရ သိရသည်။

ဗီယက်နမ်နိုင်ငံရှိ သက်ကြီးရွယ်အိုများကို တွေ့ရစဉ်။

လူလတ်ပိုင်းအရွယ် တစ်ဦးစီတိုင်းသည် အသက်အရွယ်ကြီးလာသောအခါ မှီခိုမှုကင်းစွာဖြင့် နေထိုင်နိုင်ရန်အတွက် အဆင်သင့်ဖြစ်မှုနှင့် ပြင်ဆင်မှုပိုင်းတွင် လွန်စွာနည်းပါးကြောင်း သိရသည်။

စစ်တမ်း ကောက်ယူမှုအရ အသက် ၃၀ နှင့် ၄၄ နှစ်ကြား ရှိသူအများစုမှာ အသက်ကြီးလာသည့်အခါ မှီခိုမှုကင်းကင်းဖြင့် နေထိုင်ရန် ကြိုးပမ်းကြသော်လည်း အလွန်နည်းပါးပြီး ၃၀ ရာခိုင်နှုန်းခန့်သာ ရှိသည်ဟု သိရသည်။

ဆင်ဟွာ

အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်း၌ ပြင်းအား ၆ ဒသမ ၁ အဆင့်ရှိ ငလျင်လှုပ်

ဂျကာတာ ဒီဇင်ဘာ ၃

အင်ဒိုနီးရှားနိုင်ငံအနောက်ပိုင်း ဂျာဗားပြည်နယ်ရှိ ဒီဇင်ဘာ ၃ ရက်က ငလျင်လှုပ်ခတ်ခဲ့သော်လည်း ဆူနာမီသတိပေးချက် ထုတ်ပြန်ခြင်းမရှိသေးကြောင်း မိုးလေဝသ၊ ရာသီဥတုနှင့် ဘူမိရူပဗေဒအေဂျင်စီက ပြောသည်။

အဆိုပါဒေသမှာ လွန်ခဲ့သည့်လက ပြင်းအား ၅ ဒသမ ၆ ရှိ ငလျင်ဘေးကြောင့် အရေးပေါ်ကယ်ဆယ်ရေးများ လုပ်ဆောင်နေသည့်ဒေသဖြစ်ပြီး ယခုတစ်ဖန် ငလျင်ထပ်မံလှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။ ဒီဇင်ဘာ ၃ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ငလျင်လှုပ်ခဲ့ခြင်းဖြစ်ပြီး အနောက်တောင်ပိုင်း ဂါရွတ်ခရိုင်ကို ဗဟိုပြုကာ ငလျင်လှုပ်ခဲ့ခြင်းဖြစ်သည်ဟု မိုးလေဝသ၊ ရာသီဥတုနှင့် ဘူမိရူပဗေဒအေဂျင်စီက ပြောသည်။ ငလျင်ဒဏ်ကြောင့် လှိုင်းလုံးကြီးများ ဖြစ်လာနိုင်သည့်အန္တရာယ်မရှိသဖြင့် ဆူနာမီ သတိပေးချက် ထုတ်ပြန်ထားခြင်းမရှိသေးကြောင်း သိရသည်။ **ဆင်ဟွာ**

မွန်ဂိုလီးယားဗဟိုဘဏ်က ယခုနှစ် ပထမ ၁၁ လအတွင်း ရွှေတန်ချိန် ၂၀ နီးပါး ဝယ်ယူ

အူလန်ဘာတာ ဒီဇင်ဘာ ၃

မွန်ဂိုလီးယားဗဟိုဘဏ်က ယခုနှစ် ပထမ ၁၁ လအတွင်း ရွှေတန်ချိန် စုစုပေါင်း ၁၉ ဒသမ ၉ တန်ကို ဝယ်ယူခဲ့ကြောင်း တရားဝင်အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များက ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

နိုဝင်ဘာလအထိ မွန်ဂိုလီးယားဗဟိုဘဏ်က ပျမ်းမျှရွှေဝယ်ယူမှုဈေးနှုန်းမှာ တစ်ဂရမ်လျှင် အမေရိကန်ဒေါ်လာ ၅၇ ဒသမ ၇ ဒေါ်လာရှိကြောင်း ထုတ်ပြန်ထားသည်။ နိုင်ငံခြားအရန်ငွေများကို တိုးမြှင့်ခြင်းဖြင့် နိုင်ငံ၏စီးပွားရေး တည်ငြိမ်မှုရှိစေရန် ဗဟိုဘဏ်အတွက် ရွှေဝယ်ယူခြင်းမှာ အဓိကနည်းလမ်းများထဲမှ တစ်ခုဖြစ်ကြောင်း သိရသည်။

မွန်ဂိုလီးယားနိုင်ငံ၏ နိုင်ငံခြားအရန်ငွေမှာ အောက်တိုဘာလကုန်တွင် ဒေါ်လာ ၂ ဒသမ ၈ ဘီလီယံအထိ ကျဆင်းလာသဖြင့် ရာခိုင်နှုန်းအားဖြင့် ၃၆ ရာခိုင်နှုန်း ကျဆင်းလာကြောင်း အဆိုပါဘဏ်က ပြောကြားသည်။ မွန်ဂိုလီးယားဗဟိုဘဏ်သည် နိုင်ငံ၏နိုင်ငံခြားအရန်ငွေတိုးလာစေရန် ၂၀၂၂ ခုနှစ်အတွင်း ရွှေတန်ချိန် ၂၄ တန်ထက်မနည်း ဝယ်ယူရန် ရည်ရွယ်ထားကြောင်း သိရသည်။ **ဆင်ဟွာ**

အုတ်တွင်းမြို့နယ် ဇီးကုန်းကျေးရွာ၌ နွေစပါးများ ရေတင်၍ တိုးချဲ့စိုက်ပျိုးနိုင်ရန် ဆိုလာရေတင်စက် သုံးလုံး ထောက်ပံ့

အုတ်တွင်း ဒီဇင်ဘာ ၃

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ကျွဲပွဲမြို့ ငွေးတောက်ခင်ကျေးရွာအုပ်စု ဇီးကုန်းကျေးရွာ၌ တောင်သူများ နွေစပါးဧက ၁၀၀ တိုးချဲ့စိုက်ပျိုးနိုင်ရန် ရည်ရွယ်၍ ရေတင်မြောင်း ဖောက်လုပ်ထားမှုကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဒီဇင်ဘာ ၁ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ခရိုင်စိုက်ပျိုးညှိနှိုင်းရေးအဖွဲ့၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်စိုက်ပျိုးညှိနှိုင်းရေးအဖွဲ့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ခပေါင်းဆည် (TR)မြောင်းမကြီးဘေး ရေပေးတူးမြောင်းမှ တောင်သူများ နွေစပါးဧက ၁၀၀ တိုးချဲ့ စိုက်ပျိုးနိုင်ရန် ရေတင်မြောင်းဖောက်လုပ်၍ ရေတင်ဆောင်ရွက်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နွေစပါးများရေတင်၍ တိုးချဲ့စိုက်ပျိုးနိုင်ရန် ဆိုလာရေတင်စက်သုံးလုံးနှင့် နွေစပါး (ထိုင်းနံကောက်) မျိုးစပါးတင်း ၂၀ ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က တောင်သူများ လက်ဝယ် အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။(ယာပုံ)

အေမင်းရည်စော(ပြန်/ဆက်)

ဖလူး၊ ကျောက်ခက်၊ သေဘောဘိုး၊ ဝေါလေဒေသတစ်ဝိုက်နှင့် မြဝတီ-ဝေါလေ ကားလမ်းတစ်လျှောက်ရှိ ကျေးရွာများမှ ပြည်သူများ ၎င်းတို့နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၃ ကရင်ပြည်နယ်အတွင်းရှိ ဖလူး၊ ကျောက်ခက်၊ သေဘောဘိုး၊ ဝေါလေ ဒေသတစ်ဝိုက်နှင့် မြဝတီ – ဝေါလေ ကားလမ်းတစ်လျှောက်တို့အား KNU၊ KNLA မှ အကြမ်းဖက်မှုကို လိုလားသော အဖွဲ့၊ NUG အဖွဲ့နှင့် ၎င်း၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ၂၀၂၂ မေလမှ စတင်ထိန်းချုပ်၍ အဆိုပါ ဒေသတစ်ဝိုက်ရှိ လူနေအိမ်များ၊ ဘာသာရေးဆိုင်ရာ အဆောက်အဦများ၊ စာသင်ကျောင်းများ အတွင်း ဝင်ရောက်နေထိုင်ကာ အဖျက်အမှောင့် လုပ်ငန်းများ လုပ်ဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်းများကြောင့် ဒေသခံတိုင်းရင်းသားများအနေဖြင့် ဘေးလွတ်ရာ နေရာများသို့ ခေတ္တထွက်ပြေး တိမ်းရှောင်လျက်ရှိသည်။

အဆိုပါ ဒေသတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၂၈ ရက်မှစ၍ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဒေသတည်ငြိမ်အေးချမ်းမှု ရှိသည့်အတွက် ထွက်ပြေး တိမ်းရှောင်နေသည့် အပြစ်မဲ့ပြည်သူများအား ပြန်လည်နေထိုင်နိုင်ရေးအတွက် တယ်လီဖုန်းများဖြင့် လည်းကောင်း၊ အသံချဲ့စက်များဖြင့် မြန်မာဘာသာ၊ ကရင်ဘာသာ စကားများဖြင့် လည်းကောင်း အသိပေးနှိုးဆော်၍ ပြန်လည်ဖိတ်ခေါ်ခြင်းနှင့် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးမှုများကြောင့် အေးချမ်းစွာ ပြန်လည်နေထိုင်လိုသည့် ခေတ္တထွက်ပြေး တိမ်းရှောင်နေသည့် ဒေသခံ တိုင်းရင်းသားများမှာ ဝမ်းသာအားရဖြင့် ပြန်လည်ဝင်ရောက်လျက်ရှိရာ ယနေ့တွင် သေဘောဘိုးကျေးရွာသို့ အမျိုးသား ၁၈၉ ဦး၊ အမျိုးသမီး ၁၉၉ ဦး၊ ဘလက်ဒိုကျေးရွာသို့ အမျိုးသား သုံးဦး၊ အမျိုးသမီး ခြောက်ဦး၊ ထပ်မံ ဝင်ရောက်လာခဲ့ပြီး နိုဝင်ဘာ ၂၈ ရက်မှ ယနေ့အထိ သေဘောဘိုးကျေးရွာနှင့် ဘလက်ဒိုကျေးရွာများသို့ ပြန်လည်ဝင်ရောက်လာသည့် ဒေသခံ တိုင်းရင်းသား အမျိုးသား ၄၈၃ ဦး၊ အမျိုးသမီး ၅၁၃ ဦး စုစုပေါင်း ၉၉၆ ဦး ရှိပြီဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား သက်ဆိုင်ရာ တာဝန်ရှိသူများက နေ့ညမပျက် ပြန်လည်ကြိုဆို၍ စနစ်တကျ လက်ခံလျက်ရှိပြီး(ဝဲပုံ) ဆန်နှင့် စားသောက်ဖွယ်ရာများ၊ လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ကာ လိုအပ်သည့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့် ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ကျုံ့ပျော်၌ ရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

ကျုံ့ပျော် ဒီဇင်ဘာ ၃ ဧရာဝတီတိုင်းဒေသကြီး ကျုံ့ပျော်မြို့နယ် နယ်မြေခံတပ်မှ ရှေ့တန်းပြန် တပ်မတော်သားများအား ကျုံ့ပျော်မြို့မှ ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများက သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခြင်းကို ဒီဇင်ဘာ ၂ ရက်က မဂ်လာလမ်းမကြီး တစ်လျှောက်၌ ဆောင်ရွက်ကြသည်။

ထိုသို့ ဂုဏ်ပြုကြိုဆိုရာတွင် ကျုံ့ပျော်ခရိုင် ယာယီဒုတိယ ရဲမှူးကြီး ခင်မောင်လွင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးရန်နိုင်ဝင်း၊ ခရိုင်ဒုတိယအုပ်ချုပ်ရေးမှူး ဒေါ်ယဉ်ဝင်းစောနှင့် ကျုံ့ပျော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ အမှတ်(၁၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များ၊ နယ်မြေခံတပ်မှ စစ်သည်၊ ရဲမေ မိသားစုဝင်များ စုစုပေါင်း ၄၅၀ တို့က ရှေ့တန်းပြန် အရာရှိ၊ အရာခံ စစ်သည်များအား အောင်သပြေ ပန်းစည်းများ၊ ပန်းကုံးများ၊ အိုးစည်ဝိုင်းများဖြင့် သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြကြောင်း သိရသည်။

လပြည့်ဦး (ပြန်/ဆက်)

သန်လျင်မြို့နယ် ဒီဇင်ဘာ လူထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၃ ရက်က သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီး ဌာနရုံးရှေ့၌ ကျင်းပရာ သန်လျင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်းနှင့် ဌာနဆိုင်ရာများ၊ ပြည်သူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ ပျော်ရွှင်စွာ ပါဝင်ဆင်နွဲကြစဉ်။

သန်းဝင်း(သန်လျင်)

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့တွင် ဒီဇင်ဘာ ၃ ရက်က ဒီဇင်ဘာ လူထုစုပေါင်းလမ်းလျှောက်ပွဲ ပြုလုပ်ရာ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး ဦးဆောင်သော ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ ပြည်သူများ စုစုပေါင်း ၂၀၀ ခန့်က စုရုပ်ဖြစ်သော မြို့နယ်ပြည်သူ့အားကစားခန်းမ ရှေ့မှ စုပေါင်းလမ်းလျှောက်ကြစဉ်။ မန်းကျော်(ပြန်/ဆက်)

ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၅ ဦးတွေ့ရှိ

ယနေ့တွင် ကိုဗစ်-၁۹ ရောဂါဖြင့် သေဆုံးသူ မရှိ

(၃-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၀၉၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၅) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၉) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၆၈၅,၂၇၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၂၉၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၇,၈၂၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၈) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၁၈)ရက် ဆက်တိုက် (၁) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမို လျော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက် လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၁၂-၂၀၂၂ — ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၁၉၆၅	၂၀၁၀	၂၀၀၅	၁၉၇၀	၂၀၁၀	၂၀၃၀	၂၀၁၅	၁၉၉၅	၂၀၉၀	၂၁၀၅	၂၀၀၀	၂၀၁၀	၂၀၄၅	၂၀၄၅	၂၀၅၀	၂၂၆၅	၂၉၂၀
95 Ron	၂၀၄၀	၂၀၉၀	၂၀၈၅	၂၀၅၀	၂၀၈၅	၂၁၁၀	၂၀၉၅	၂၀၇၀	၂၁၆၅	၂၁၈၀	၂၀၈၀	၂၀၉၅	၂၁၂၀	၂၁၂၅	၂၁၂၅	၂၃၄၅	၃၀၀၀
HSD (500 ppm)	၂၄၀၀	၂၄၄၅	၂၄၄၀	၂၄၁၀	၂၄၄၅	၂၄၇၀	၂၄၆၅	၂၄၃၀	၂၅၄၅	၂၅၄၀	၂၄၄၀	၂၄၄၅	၂၄၈၀	၂၄၈၅	၂၄၈၅	၂၇၀၅	၃၆၄၀
HSD (50 ppm)	၂၄၇၅	၂၅၂၅	၂၅၂၀	၂၄၈၅	၂၅၂၀	၂၅၄၅	၂၅၄၀	၂၅၁၀	၂၆၂၀	၂၆၁၅	၂၅၁၅	၂၅၂၅	၂၅၆၀	၂၅၆၀	၂၅၆၀	၂၇၈၀	၃၆၇၀
HSD (10 ppm)	၂၄၇၅	၂၅၂၅	၂၅၂၀	၂၄၈၅	၂၅၂၀	၂၅၄၅	၂၅၄၀	၂၅၁၀	၂၆၂၀	၂၆၁၅	၂၅၁၅	၂၅၂၅	၂၅၆၀	၂၅၆၀	၂၅၆၀	၂၇၈၀	၃၆၇၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၁၈၆၇	၁၉၃၈
95 Ron	၁၉၄၁	၂၀၁၄
HSD (500 ppm)	၂၂၉၁	၂၃၆၆
HSD (50 ppm)	၂၃၆၄	၂၄၄၁
HSD (10 ppm)	၂၃၆၄	၂၄၄၁

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့

သိန်းထွန်း (IR)

နှစ်စဉ် ဒီဇင်ဘာ ၃ ရက်ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အဖြစ် ကုလသမဂ္ဂက ၁၉၉၂ ခုနှစ်မှစ၍ သတ်မှတ်ခဲ့ပါသည်။

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ကျင်းပရသည့်ရည်ရွယ်ချက်မှာ လူ့အဖွဲ့အစည်းတိုင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုတိုင်းတွင် မသန်စွမ်းသူများအတွက် သုခချမ်းသာနှင့် အခွင့်အရေးများကို မြှင့်တင်ရန်နှင့် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဘဝ (cultural life) စသည့်ကဏ္ဍအသီးသီးတွင် မသန်စွမ်းသူများ၏ အခြေအနေကို အသိပညာပေးမှုမြှင့်တင်ရန် ဖြစ်သည်။

လက်တွေ့အနေဖြင့်လည်း မသန်စွမ်းသူများ ဘဝတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲ အတားအဆီးများ၊ လူ့အဖွဲ့အစည်းအတွင်း တန်းတူညီမျှမှု၊ ပူးပေါင်းလုပ်ဆောင်နိုင်မှုများ စသည့် စိန်ခေါ်မှုများနှင့် အခွင့်အရေးဆိုင်ရာများကို ထိရောက်စွာ ဖြေရှင်းလုပ်ဆောင်ပေးရန် လိုအပ်နေပါသည်။

ရည်ရွယ်ချက်များ

ယခုနှစ်တွင် မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာ၊ ရပိုင်ခွင့်များနှင့် သုခချမ်းသာများ ကူညီပံ့ပိုးပေးရေး စည်းရုံးရန်နှင့် မသန်စွမ်းသူများဆိုင်ရာ ကိစ္စရပ်များ အပေါ် ပိုမိုနားလည်စေရေး ဦးတည်၍ ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အတွက် ဆောင်ပုဒ်ကို "Transformative solutions for inclusive development: the role of innovation in fuelling an accessible and equitable world" **"အားလုံးပါဝင်ဖွံ့ဖြိုးဖို့ ဆန်းသစ်တီထွင် အဖြေရှာစို့။ အားလုံးလက်လှမ်းမီ ညီမျှရေး၊ တီထွင်ဖန်တီးမှုစွမ်းအားဖြင့် ဆောင်ရွက်ပေး"** ဟု သတ်မှတ်ထားသည်ကို တွေ့ရပါသည်။

ယခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့တွင် အားလုံးပါဝင်သည့် ဖွံ့ဖြိုးတိုးတက်မှုရရှိရန်အတွက် ဆန်းသစ်တီထွင်မှုနှင့် မတူညီသောဖြေရှင်းသည့် နည်းလမ်းများ ရှာဖွေရန်နှင့်ပတ်သက်၍ အပြန်အလှန်ဆွေးနွေးမည့် ကဏ္ဍသုံးရပ်ထည့်သွင်းထားပါသည်။ ယင်းကဏ္ဍသုံးရပ်တွင် အလုပ်အကိုင်ရရှိမှုတွင် မသန်စွမ်းသူအားလုံးပါဝင်သော တိုးတက်မှုအတွက် ဆန်းသစ်တီထွင်မှု (SDG 8)၊ မညီမျှမှုများ လျှော့ချရာတွင် မသန်စွမ်းသူများအားလုံးပါဝင်သော တိုးတက်မှုအတွက် ဆန်းသစ်တီထွင်မှု (SDG 10) နှင့် အားကစားကဲ့သို့သော ကဏ္ဍများတွင် မသန်စွမ်းသူများ အားလုံးပါဝင်သော ဆန်းသစ်တီထွင်မှုတို့ဖြစ်ပါသည်။

ယင်းဆွေးနွေးမည့် ကဏ္ဍများတွင် ကမ္ဘာတစ်ဝန်း ဆန်းသစ်၍ လျင်မြန်စွာပြောင်းလဲနေသော နည်းပညာခေတ်တွင် အလုပ်အကိုင်အခွင့်အလမ်းရရှိရန်အတွက် လိုအပ်သော အလုပ်အကိုင်၊ အသိပညာနှင့် ကျွမ်းကျင်မှုတို့အကြား ချိတ်ဆက်မှုများ မြှင့်တင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများကို အထောက်အကူပြုနည်းပညာများဖြင့် မြှင့်တင်နိုင်ရေးတို့ ဆွေးနွေးမည်ဖြစ်ပါသည်။ ထို့အပြင် မသန်စွမ်းသူများ ပါဝင်သော လုပ်ငန်းခွင်၌ မတူကွဲပြားမှုများကိုမြှင့်တင်ရာတွင် စိတ်ပါဝင်စားသည့် အများပြည်သူနှင့် ပုဂ္ဂလိကဆိုင်ရာကဏ္ဍများရှိ မညီမျှမှုများ လျှော့ချရန်အတွက် ဆန်းသစ်တီထွင်မှုများ၊ လက်တွေ့အသုံးချကိရိယာများနှင့် အလေ့အကျင့်ကောင်းများနှင့်ပတ်သက်၍ ဆွေးနွေးကြမည်ဖြစ်သည်။

မသန်စွမ်းသူများအခြေအနေ

ယနေ့ကမ္ဘာ့ပေါ်တွင် လူဦးရေ တစ်ဘီလီယံကျော် သို့မဟုတ် ကမ္ဘာ့လူဦးရေ၏ ၁၅ ရာခိုင်နှုန်းသည် မသန်စွမ်းမှုတစ်မျိုးမျိုးကို တွေ့ကြုံခံစားနေကြရပါသည်။ ယင်းမသန်စွမ်းသူများ၏ ၈၀ ရာခိုင်နှုန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်လျက်ရှိကြောင်း ကမ္ဘာ့ဘဏ်က ဆိုပါသည်။ ကမ္ဘာတစ်ဝန်း မသန်စွမ်းသူအရေအတွက် သိသိသာသာ မြင့်တက်လျက်ရှိပြီး ယင်းသည် လူဦးရေပျံ့နှံ့မှု ပုံစံများနှင့် အကြောင်းအမျိုးမျိုးဖြင့် နာတာရှည်ကျန်းမာရေးမကောင်းမှုများ မြင့်တက်လာခြင်းတို့ကြောင့် ဖြစ်ပါသည်။

ကိုဗစ်-၁၉ ကာလအတွင်းကလည်း မသန်စွမ်းသူများသည် အချိုးမညီမျှစွာ ခံစားခဲ့ကြရပါသည်။ ကိုဗစ်-၁၉ သည် ကမ္ဘာတစ်ဝန်းတွင် ကျယ်ကျယ်ပြန့်ပြန့် သက်ရောက်မှုများ ဆက်လက်ရှိနေသဖြင့် ကျန်းမာရေး၊ ပညာရေးနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများအပါအဝင် ကပ်ရောဂါကြောင့် မသန်စွမ်းသူများ မည်ကဲ့သို့ အကျိုးသက်ရောက်သည်ကို ဖြေရှင်းပေးရန် လိုအပ်နေဆဲ ဖြစ်ပါသည်။ အထူးသဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုစနစ် အဆင့်တိုင်းတွင် မသန်စွမ်းသူများအားလုံး အကျုံးဝင်နိုင်ရေး တိုးမြှင့်လုပ်ဆောင်ရန် အရေးတကြီး လိုအပ်နေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဆိုပါသည်။

လတ်တလောတွင် မသန်စွမ်းသူများသည် ပညာရေးအားနည်းခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှု နိမ့်ကျခြင်း၊ အလုပ်အကိုင်ရှားပါးခြင်းနှင့် ဆင်းရဲမွဲတေမှု နှုန်းမြင့်မားခြင်းစသည့် ဆိုးရွားသော လူမှုစီးပွားဘဝအခြေအနေများကို ကြုံတွေ့ရနိုင်ခြေပို၍များလာနေကြောင်း ကုလသမဂ္ဂက ဆိုပါသည်။ ဆင်းရဲမွဲတေမှုကြောင့် အာဟာရချို့တဲ့မှု၊ ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု မပြည့်စုံခြင်း၊ ဘေးကင်းသော လုပ်ငန်းခွင်အခြေအနေ၊ ညစ်ညမ်းသော ပတ်ဝန်းကျင်နှင့် လုံခြုံသောရေနှင့် မိလ္လာစနစ် အသုံးပြုနိုင်သည့် အခြေအနေမရှိသဖြင့် မသန်စွမ်းဖြစ်နိုင်ခြေများ တိုးလာစေလျက်ရှိပါသည်။ မသန်စွမ်းမှုဖြစ်လာစေနိုင်သည့် အခြားအချက်များတွင် အလုပ်အကိုင်နှင့် ပညာရေးအခွင့်အလမ်းများ နည်းပါးခြင်း၊ လုပ်ခလစာနည်းပါးခြင်းနှင့် မသန်မစွမ်းနေထိုင်မှု စရိတ်စကများ မြင့်တက်လာခြင်းတို့လည်း ပါဝင်ပါသည်။

မသန်စွမ်းသူများအနေဖြင့် လူမှုရေးနှင့် စီးပွားရေးတွင် အပြည့်အဝပါဝင်နိုင်ရေးအတွက် အခက်အခဲများ ရှိနေဆဲဖြစ်ကြောင်း တွေ့ရပါသည်။ ယင်းအခက်အခဲများတွင် လက်လှမ်းမမီနိုင်သော ရုပ်ပိုင်းဆိုင်ရာ ပတ်ဝန်းကျင်နှင့် သယ်ယူပို့ဆောင်ရေး၊ အထောက်အကူပစ္စည်းများနှင့် နည်းပညာများမရရှိနိုင်မှု၊ လိုက်လျောညီထွေမဖြစ်သည့် ဆက်သွယ်မှုနည်းလမ်းများ၊ ဝန်ဆောင်မှုဆိုင်ရာ မညီမျှမှုများနှင့် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံခံရသော မလိုမုန်းထားမှုနှင့် အရှက်ရစေမှုများကို တွေ့ရပါသည်။

မသန်စွမ်းသူများဆိုင်ရာ အတားအဆီးများ

မသန်စွမ်းသူများဆိုင်ရာ အတားအဆီးများတွင် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အတားအဆီးများ အဖြစ် ခြုံငုံတွေ့ရပါသည်။ မသန်စွမ်းသူများဆိုင်ရာ အတားအဆီးများသည် ရုပ်ပိုင်းဆိုင်ရာအတားအဆီးများထက် ပိုမိုပါဝင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဖော်ပြပါသည်။ လူတိုင်းသည် တစ်ကြိမ်မဟုတ် တစ်ကြိမ် အခက်အခဲ အကျပ်အတည်းများနှင့် ရင်ဆိုင်ကြရလေ့ရှိသော်လည်း မသန်စွမ်းသူများအတွက်မူ အတားအဆီးများသည် အခြားသူများထက် ပိုမိုတွေ့ရနိုင်ပြီး အကျိုးသက်ရောက်မှုလည်း ကြီးမားကြပါသည်။

မသန်စွမ်းသူများဆိုင်ရာ အတားအဆီးများ ဆိုသည်မှာ လူတစ်ဦးသည် ပတ်ဝန်းကျင်ရှိ အကြောင်းအချက်များကြောင့် ထိုသူ၏ စွမ်းဆောင်နိုင်မှုကို အကန့်အသတ်ဖြစ်စေပြီး မသန်စွမ်းမှုဖြစ်စေသည့်အရာများဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဖွင့်ဆိုပါသည်။ ယင်းအတားအဆီးများတွင် -

(က) လက်လှမ်းမမီနိုင်သော ရုပ်ပိုင်းဆိုင်ရာ ပတ်ဝန်းကျင်၊

(ခ) အားထားလောက်သည့် နည်းပညာ အထောက်အကူများ မရှိခြင်း (အထောက်အကူဖြစ်မှု၊ လိုက်လျောညီထွေဖြစ်မှုနှင့် ပြန်လည်ထူထောင်ရေး ဆိုင်ရာပစ္စည်းများ)၊

(ဂ) မသန်စွမ်းမှုအပေါ် မကောင်းမြင်သဘောထားများ၊

(ဃ) ဝန်ဆောင်မှုများ၊ စနစ်များနှင့် မူဝါဒများ မရှိခြင်း သို့မဟုတ် ဘဝ၏နယ်ပယ်ကဏ္ဍအသီးသီးတွင် ကျန်းမာရေး အခြေအနေတစ်ရပ်ရှိနေသည့် လူ အားလုံးပါဝင်နိုင်မှုကို အဟန့်အတားဖြစ်စေခြင်းတို့ ပါဝင်ပါသည်။

အကောင်အထည်ဖော်မှု

ကမ္ဘာ့ကုလသမဂ္ဂသည် မသန်စွမ်းသူများအခွင့်အရေးနှင့်ပတ်သက်၍ ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် "မသန်စွမ်းသူများ၏ အခွင့်အရေးများ ဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း" (Convention on the Rights of Persons with Disabilities-CRPD) ကို အတည်ပြုခဲ့ပါသည်။

CRPD ၏ရည်ရွယ်ချက်မှာ မသန်စွမ်းသူတိုင်း လူ့အခွင့်အရေးအားလုံးနှင့် အခြေခံလွတ်လပ်ခွင့်များကို ညီမျှစွာအပြည့်အဝရရှိရေးကို ကာကွယ်စောင့်ရှောက်ရန်နှင့် မွေးရာပါမသန်စွမ်းသူများ၏ ဂုဏ်သိက္ခာကို ပိုမိုလေးစားမှုရှိစေရန် ဖြစ်ပါသည်။ ကမ္ဘာ့ကုလသမဂ္ဂသည် မသန်စွမ်းသူများအားလုံး အကျုံးဝင်သော မဟာဗျူဟာတစ်ရပ်ကို ၂၀၁၉ ခုနှစ် ဇွန်လက စတင်အကောင်အထည်ဖော်ခဲ့ပါသည်။

United Nations Disability Inclusion Strategy သည် ၎င်း၏မူဝါဒနှင့် တာဝန်ခံမှု မူဘောင်တို့ဖြင့် မသန်စွမ်းသူများ ပါဝင်လာစေရေး ရည်မှန်းချက်နှင့် ကိုက်ညီသော ကုလသမဂ္ဂ၏စနစ်ကို အထောက်အကူဖြစ်စေသည့် အားလုံးအကျုံးဝင်သည့် မဟာဗျူဟာတစ်ရပ် ဖြစ်ပါသည်။ ၎င်းသည် ကုလသမဂ္ဂ၏ လုပ်ငန်းကဏ္ဍအားလုံးတွင် မသန်စွမ်းမှုအခွင့်အရေးဆိုင်ရာ ရေရှည်တည်တံ့၍ မတူညီသော ပြောင်းလဲမှုအတွက် အခြေခံတစ်ရပ် ဖြစ်ပါသည်။

စာမျက်နှာ ၁၇ သို့

ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်အရ ကမ္ဘာတစ်ဝန်းမှ မသန်စွမ်းသူ ၈၀ ရာခိုင်နှုန်းခန့်သည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်ကြကြောင်း သိရပါသည်။ ထို့ပြင် ကမ္ဘာ့အဆင်းရဲဆုံးသူများ၏ ၂၀ ရာခိုင်နှုန်းသည် မသန်စွမ်းမှုပုံစံအချို့ကို ခံစားနေကြကြောင်း ကမ္ဘာ့ဘဏ်အချက်အလက်များအရ သိရပါသည်။ အလားတူပင် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ မသန်စွမ်းကလေးငယ် ၉၀ ရာခိုင်နှုန်းသည် ကျောင်းမနေကြရကြောင်း တွေ့ရှိရသဖြင့် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် မသန်စွမ်းမှုတို့မှာ ဟန်ချက်ညီဖြေရှင်းကြရမည့် စိန်ခေါ်မှုအဖြစ် တွေ့ရပါသည်

မြစ်ကြီးနားမြို့နယ်အတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းများ ပိုမိုအားကောင်းပြီး ထုတ်ကုန်များ တိုးမြှင့်နိုင်ရေး ဆောင်ရွက်

မြစ်ကြီးနား ဒီဇင်ဘာ ၃

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းများ ပိုမိုအားကောင်းခိုင်မာလာစေပြီး ရေရှည်ရပ်တည်နိုင်ရေး၊ ကုန်ထုတ်လုပ်မှုများ ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းပံ့ပိုးကူညီနိုင်ရန်အတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် နိုဝင်ဘာ ၃၀ ရက်က ကွင်းဆင်းကြည့်ရှုပြီး လုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာများအကြား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်ရှိ TOP တံဆိပ် အသင့်စားအမဲသားခြောက်စပ် ကုန်ထုတ်လုပ်မှု လုပ်ငန်း၊ မန်ခိန်ရပ်ကွက်ရှိ "ဆွေ"တံဆိပ် ဒေသထွက်ပယင်းဖြင့် လူသုံးကုန်/အလှကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချမှုလုပ်ငန်း၊ Hu Ha တံဆိပ်ဖြင့် အသင့်စား အမဲသားခြောက်ကင် စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုကာ ဈေးကွက်ရရှိမှုအခြေအနေ၊ ရင်းနှီးမတည်နိုင်မှုအခြေအနေနှင့် လိုအပ်ချက်များကို မေးမြန်းဆွေးနွေး၍ ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းများရေရှည်ရပ်တည်နိုင်ရေး လိုအပ်သည့် ငွေကြေး၊ နည်းပညာနှင့် ဈေးကွက်ရရှိရေး၊ ကုန်ထုတ်လုပ်မှုများ ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်စေရန် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး၊ အစုအဖွဲ့ပုံစံဖြင့် ချေးငွေများကို ရင်းနှီးမတည်ပေးနိုင်ရေးတို့အတွက် ဌာနဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဂါရာဇွပ်ကျေးရွာအုပ်စုအတွင်း မြစ်ဆုံသွားလမ်းပေါ်ရှိ Y Garden အပန်းဖြေဥယျာဉ်သို့ သွားရောက်ပြီး အပန်းဖြေဥယျာဉ်၏ မြေဧရိယာ ၂၆ ဧကပေါ်တွင် စားသောက်ဆိုင်များ၊ တည်းခိုရန်နေရာများ၊ ရေကူးကန်နှင့် ရေပန်းဥယျာဉ်များ၊ သစ်ပင်ပန်းမံများဖြင့် အလှဆင်ယင်ဆောင်ရွက်ထားရှိသည့် လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က အပန်းဖြေခန်းလုပ်ငန်းသည် ပြည်နယ်၏ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူဖြစ်စေသည့် လုပ်ငန်းတစ်ခုဖြစ်သလို ရင်းနှီးမြှုပ်နှံမှုများစွာဖြင့် လုပ်ကိုင်ရသည့် လုပ်ငန်းတစ်ခုဖြစ်သည့် အတွက် လိုအပ်သည်များကို ပံ့ပိုးကူညီပေးနိုင်ရန် ဌာနဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် အောင်မြင်သာကျေးရွာအနီးရှိ Yup(ယွပ်) Family အပန်းဖြေဥယျာဉ်စခန်း ဧရိယာအတွင်း စပျစ်ပင်များ စိုက်ပျိုးထားရှိမှု၊ ဝက်ဝံများ ထိန်းသိမ်းစောင့်ရှောက်ထားရှိမှုနှင့် မြေယာရှုခင်းများ ပြုပြင်ဆောင်ရွက်ထားရှိမှုများကိုလည်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

MoU စနစ်ဖြင့် အလုပ်လုပ်ကိုင်ရန် မြန်မာအလုပ်သမားများ ထိုင်းနိုင်ငံသို့ထွက်ခွာ

ကော့သောင်း ဒီဇင်ဘာ ၃

အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန၏ ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် မြန်မာအလုပ်သမားများ စေလွှတ်ရေး လုပ်ငန်းစဉ်အရ မြန်မာအလုပ်သမား ၇၅ ဦးသည် ထိုင်းနိုင်ငံ၌ MoU စနစ်ဖြင့် အလုပ်လုပ်ကိုင်ရန် ကော့သောင်းနယ်စပ် ဂိတ်မှ ဒီဇင်ဘာ ၁ ရက်တွင် ထွက်ခွာသွားကြောင်း သိရသည်။

အဆိုပါ မြန်မာအလုပ်သမားများအား ပြည်ပအလုပ်အကိုင်အကျိုးဆောင်(ထိုင်း) လိုင်စင်ရ အေဂျင်စီ တစ်ခုဖြစ်သည့် Myanmar Express Links ကုမ္ပဏီ လီမိတက်က ထိုင်းနိုင်ငံရှိ Chicony Election (Thailand) ကုမ္ပဏီလီမိတက်သို့ အမျိုးသား အလုပ်သမား ၃၀ နှင့် အမျိုးသမီး အလုပ်သမား ၄၅ ဦး စုစုပေါင်း အလုပ်သမား ၇၅ ဦးကို နှစ်နှစ် စာချုပ်ဖြင့် အလုပ်လုပ်ကိုင်နိုင်ရန် တာဝန်ယူဆောင်ရွက်ပေးခြင်းဖြစ်ကာ ရန်ကုန်မြို့မှတစ်ဆင့် ကော့သောင်းမြို့သို့ လေကြောင်းခရီးစဉ်ဖြင့် ခေါ်ယူခဲ့ပြီး ကော့သောင်း အပြည်ပြည်ဆိုင်ရာ နယ်စပ်ဂိတ်မှတစ်ဆင့် ရေလမ်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ပို့ဆောင်ပေးမည်ဖြစ်သည်။

သွားရောက် အလုပ်လုပ်ကိုင်မည့် မြန်မာအလုပ်သမားများအား ကော့သောင်းခရိုင် အလုပ်သမားညွှန်ကြားမှူးဦးစီးဌာန၊ ကော့သောင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန လူကုန်ကူးမှုတားဆီး နှိမ်နင်းရေး ရဲတပ်ဖွဲ့နှင့် တာဝန်ရှိအဖွဲ့အစည်းများက လို့အပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပေးခဲ့ကြပြီး အလုပ်အကိုင် ကုမ္ပဏီတာဝန်ရှိသူများက ထိုင်းနိုင်ငံရှိ အလုပ်လုပ်ကိုင်မည့် ကုမ္ပဏီသို့ စနစ်တကျ ပို့ဆောင်ပေးခဲ့ကြကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

နန်းယွန်းမြို့၌ လွတ်လပ်ရေးနေ့အကြို မြို့နယ်အဆင့် အားကစားပြိုင်ပွဲကျင်းပ

နန်းယွန်း ဒီဇင်ဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့၌ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အကြို မြို့နယ်အဆင့် အားကစားပြိုင်ပွဲ ဖွင့်ပွဲကို ဒီဇင်ဘာ ၃ ရက်က အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအာကာတင်ဦးက အမှာစကား ပြောကြားသည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဦးကြည်ထွန်းနှင့် မြို့နယ်နာဂ ရိုးရာစာပေနှင့် ယဉ်ကျေးမှု ကော်မတီဥက္ကဋ္ဌ ဦးသိန်းချမ်း အောင်တို့က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး မြို့နယ်အား/ကာဦးစီးမှူး ဦးမြင့်ကျော်က ပြိုင်ပွဲ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

အဆိုပါအားကစားပြိုင်ပွဲတွင် ပိုက်ကျော်ခြင်း ၁၈ သင်းနှင့် စစ်တုရင် ၁၈ သင်း ပါဝင်ယှဉ်ပြိုင် ကစားကြမည်ဖြစ်ပြီး ဒီဇင်ဘာ ၃ ရက်မှ ၇ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ဟန်ကမ်း(နန်းယွန်း)**

မာန်အောင်မြို့နယ် သရော်တောကျေးရွာ၌ ရေစုကန်ငါးလုံး တည်ဆောက်ပေး

မာန်အောင် ဒီဇင်ဘာ ၃

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သရော်တောကျေးရွာ၌ ပြည်သူများ သောက်သုံးရေ လုံလောက်စွာ ရရှိသုံးစွဲနိုင်ရန်အတွက် ရေဂါလန် ၁၅၀၀ ဆံ့ ရေစုကန်ငါးလုံးကို တည်ဆောက်ပေးလျက်ရှိသည်။

မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၂-၂၀၂၄ ဘဏ္ဍာနှစ်ရန်ပုံငွေဖြင့် မာန်အောင်စိမ်းလန်းဖွံ့ဖြိုးရေးကုမ္ပဏီက ရေစုကန်များကို တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ပြီး လုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမောင်မောင်လွင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က နိုဝင်ဘာ ၂၉ ရက် က သွားရောက်စစ်ဆေးခဲ့သည်။ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် နိုင်ငံတော်မက ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။

အောင်လှဖြူ(ရမ်းမြဲ)

စာမျက်နှာ ၁၆ မှ

မဟာဗျူဟာကို ငါးနှစ်ကြာအကောင်အထည်ဖော်မည်ဖြစ်ပြီး ယင်းနောက် လိုအပ်သလို ပြန်လည်သုံးသပ်ပြီး ပြင်ဆင်မွမ်းမံမည် ဖြစ်သည်။

စိန်ခေါ်မှုများ

မသန်စွမ်းသူများဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံကိန်းများကို နိုင်ငံများအလိုက် အကောင်အထည်ဖော်လျက်ရှိကြပါသည်။ ယင်းသို့အကောင်အထည်ဖော်ရာတွင် နိုင်ငံအသီးသီး၏ မတူညီသောအခြေအနေများအလိုက် မတူညီသောစိန်ခေါ်မှုများ ရှိနေကြပါသည်။ အများအားဖြင့် တွေ့ကြုံရသည့် စိန်ခေါ်မှုများတွင် စိတ်သဘောထားများ၊ ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်၊ နိုင်ငံရေးနှင့် စီးပွားရေး မတည်ငြိမ်မှု၊ မူဝါဒလိုအပ်ချက်၊ ကိုက်ညီသည့်ဥပဒေ၊ စီမံကိန်းထိရောက်စွာ အကောင်အထည်ဖော်မှု၊ လူမှုရေး၊ ဘဏ္ဍာရေး၊ ကျွမ်းကျင်သော လူသားရင်းမြစ်၊ ပူးပေါင်းလုပ်ဆောင်မှုတို့ကို တွေ့ရပါသည်။ ထို့ပြင် မသန်စွမ်းမှုများသည် ဆင်းရဲမွဲတေမှုနှင့် အပြန်အလှန်ဆက်စပ်နေသဖြင့် ဝင်ငွေနိမ့်ကျသော နိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ကြီးမားသော စိန်ခေါ်မှုအဖြစ် တွေ့ရပါသည်။

ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်အရ ကမ္ဘာတစ်ဝန်းမှ မသန်စွမ်းသူ ၈၀ ရာခိုင်နှုန်းခန့်သည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်ကြကြောင်း သိရပါသည်။ ထို့ပြင် ကမ္ဘာ့အဆင်းရဲဆုံးသူများ၏ ၂၀ ရာခိုင်နှုန်းသည် မသန်စွမ်းမှုပုံစံအချို့ကို ခံစားနေကြကြောင်း ကမ္ဘာ့ဘဏ်အချက်အလက်များအရ သိရပါသည်။ အလားတူပင် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ မသန်စွမ်းကလေးငယ် ၉၀ ရာခိုင်နှုန်းသည် ကျောင်းမနေကြရကြောင်း တွေ့ရှိရသဖြင့် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် မသန်စွမ်းမှုတို့မှာ ဟန်ချက်ညီဖြေရှင်းကြရမည့် စိန်ခေါ်မှုအဖြစ် တွေ့ရပါသည်။

ဆန်းသစ်သောဖြေရှင်းမှုများ

မသန်စွမ်းသူများ ပါဝင်မှုသည် လူ့အခွင့်အရေး၊ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့ မြှင့်တင်ရန်အတွက် မရှိမဖြစ် လိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။ မည်သူမျှ နောက်ကျမကျန်စေရဆိုသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် ၂၀၃၀ ကတိအတွက်လည်း အဓိကကျပါသည်။ မသန်စွမ်းသူများ၏ အခွင့်အရေးများကို အကောင်အထည်ဖော်ရေး ကတိကဝတ်သည် တရားမျှတမှုအတွက်သာမက အားလုံး၏အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်ကြောင်း ကုလသမဂ္ဂကဆိုပါသည်။

လက်ရှိအချိန်တွင် ကမ္ဘာ့နေရာအနှံ့အပြားရှိ နိုင်ငံရေး၊ စီးပွားရေးအကျပ်အတည်းများ၊ ပဋိပက္ခများ၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုစသည့် အပြန်အလှန် ဆက်နွယ်နေသည့် အကျပ်အတည်းများသည် လူသားတို့အတွက် စိန်ခေါ်မှုများနှင့် ခြိမ်းခြောက်မှုများ ဖြစ်ပေါ်စေလျက်ရှိပါသည်။ ယင်းသို့သော အခြေအနေတွင် မသန်စွမ်းသူများကဲ့သို့ ထိခိုက်လွယ်သော အခြေအနေရှိသည့်သူများသည် အခြားသူများထက်စာပါက နောက်ကျကျန်ရစ်နိုင်သည့် အခြေအနေဖြစ်ပါသည်။ ယင်းအခြေအနေတွင် အစိုးရများ၊ လူထုနှင့် ပုဂ္ဂလိကကဏ္ဍများပူးပေါင်း၍ မသန်စွမ်းသူများအတွက် ဆန်းသစ်သော အဖြေများရှာဖွေရန် အရေးကြီးလှပါသည်။ သို့မှသာ မသန်စွမ်းသူများအတွက် လက်လှမ်းမီပြီး တန်းတူညီမျှမှုရှိသော ဝန်းကျင်များကို ဖန်တီးနိုင်မည်ဖြစ်ပါသည်။

ကိုးကား-

၁။ https://www.worldbank.org/en/topic/disability

၂။ https://www.who.int/news-room/fact-sheets/detail/disability-and-health

၃။ https://www.cdc.gov/ncbddd/disabiity and health/disability-barriers.html

၄။ https://www.un.org/en/observances/day-of-persons-with-disabilities

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ကျောင်းသားလူငယ် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ်များကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၃

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ အဂတိလိုက်စားမှုနှင့် ပတ်သက်၍ အသိပညာရရှိစေရန်၊ အဂတိလိုက်စားမှုကို တွန်းလှန်တိုက်ဖျက်လိုစိတ်ရှိသည့် လူ့အဖွဲ့အစည်း ဖြစ်တည်လာစေရန်၊ အများအကျိုး ဆောင်ရွက်ခြင်းနှင့် ကိုယ်ကျိုးရှာခြင်းတို့ကို ခွဲခြားတွေးတောသည့် အခြေခံစဉ်းစားတွေးခေါ်မှု မှန်ကန်စေရန်အတွက် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာအဆင့်(မူလတန်းနှင့် အလယ်တန်း)အဆင့်များမှစတင်၍ အသိပညာပေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း၌ ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး ပညာပေးအစီအစဉ် (ဆရာကိုင်) စာအုပ်များမှ သင်ခန်းစာနှင့် ပညာပေး (Edu-tainment) အစီအစဉ်ပါအကြောင်း အရာများကို ဖော်ပြဆွေးနွေး ဆောင်ရွက်ခဲ့သည်။ အဆိုပါကျောင်းတွင် မူလတန်း၊ အလယ်တန်း ကျောင်းသား ကျောင်းသူ ၂၀၀ တက်ရောက်ခဲ့ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးလင်းနှင့် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါကြီးကြပ်စစ်ဆေးပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ သိမှတ်ဖွယ်ရာ စာအုပ်များ၊ လက်ကမ်း စာစောင်များနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး အမှတ်တံဆိပ်ပါ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့အတူ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်း၊ မော်လမြိုင်မြို့ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၊ တောင်ကြီးမြို့ အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းနှင့် ရန်ကုန်မြို့ အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်း ကျောင်းတို့တွင်လည်း ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးပညာပေး (Edu-tainment) အစီအစဉ်များကို ဆောင်ရွက်ကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်မြို့ အလုံခရိုင် ကြည့်မြင်တိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ဒီဇင်ဘာ ၃ ရက်က ဒီဇင်ဘာပထမအပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲပြုလုပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးညီညီ ဦးဆောင်၍ ဌာနဆိုင်ရာများ၊ ရပ်ကွက်ပြည်သူ ၁၅၀ ကျော်ဖြင့် ကျောင်းကြီးလမ်းစုရပ်မှ အောက်ကြည့်မြင်တိုင်လမ်းမ၊ ဗားကရာလမ်းမ၊ ကမ်းနားလမ်းမှ စုရပ်ကျောင်းကြီးလမ်းတစ်လျှောက် လမ်းလျှောက်ကြစဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ရဲလှကုန်းကျေးရွာနေ ငြိမ်းချမ်းအောင်သည် ၎င်းအသုံးပြုသည့် "ဘကြီးငြိမ်းချမ်း" Face book အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

တရားမဝင်သစ်မျိုးစုံ၊ စက်မှုကုန်ကြမ်းပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်းနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၃

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ် လေဆိပ်ကုန်လှောင်ရုံ၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် HELICAL GEAR MOTOR တစ်လုံးနှင့် အထည်အလိပ်များ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၉၀၄၆၁၃၅) ကို လည်းကောင်း၊ အေးရှားဝေါလ် ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ ပိုင်ရှင်မှ စွန့်လွှတ်ကြောင်းကြေညာသည့် ဆေးဝါးမျိုးစုံ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၄၈၈၉၁၈)ကိုလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၃၉၃၅၃၁၈)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဒီဇင်ဘာ ၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၁၈/၆)အနီး၌ တရားမဝင်ကျွန်းသစ်ခွဲသား ၂ ဒသမ ၂၄၇၂ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄၈၃၁၅)နှင့် အဆိုပါသစ်များ တင်ဆောင်လာသော ISUZU အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၃ဝ၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၁၄ဝ၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဒီဇင်ဘာ ၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သောစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကန့်ဘလူမြို့နယ်အတွင်း လိုင်စင်မဲ့ LUCKY ONE 125 အမျိုးအစား မော်တော်ဆိုင်ကယ်တစ်စီး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်အတွင်း ကျွန်းသစ် ၉ ဒသမ ၂၇၄ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃ဝ၆ဝ၀ဝ၀ဝ)ကို သစ်တောဥပဒေ အရလည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ရန်ကုန် - မော်လမြိုင် ကားလမ်း မိုင်တိုင်အမှတ်(၆/၃) နှင့် (၆/၄) အကြား၌ လိုင်စင်မဲ့ Mitsubishi Pajero အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃ဝ၀ဝ၀ဝ)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၉၅၉ဝ၃၂ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၁ ရက်၊ ၂ ရက်နှင့် ၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲကိုးမှု၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၇ဝ၅၇၇၅ဝ၂ ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေပေးအပ်ပွဲနှင့် ဗဟိုအမှူဆောင်ကော်မတီအစည်းအဝေး ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃

၁၃၈၄ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် (၃၅)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် မြန်မာနိုင်ငံစာရေးဆရာအသင်းက အလှူငွေပေးအပ်ပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် ပန်းဆိုးတန်းလမ်းရှိ အသင်းခန်းမ၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) နှင့် ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများ၊ ဗဟိုအမှူဆောင်ကော်မတီဝင်များ၊ စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းက အလှူငွေကျပ်သိန်း ၃၀၊ ဒေါက်တာတင်ထွန်းဦး -ဒေါက်တာခင်မိုးမိုး (စွယ်စုံမီဒီယာဂရု)က ငွေကျပ် ၁၁ သိန်း၊ သံအမတ်ကြီး(ငြိမ်း) ဒေါက်တာဦးလှမောင် (ဖောင်ဒေးရှင်း) က ငွေကျပ် ၁၀ သိန်းနှင့် ငွေကျပ် ၁၅သိန်းတန်ဖိုးရှိ ကျန်းမာရေး စစ်ဆေးခွင့်ကတ် (၁၅) ကတ်၊ ဦးညွှန့်ဆွေ (မောင်ဆွေသက်)-သရက်မသက်ဆွေ မိသားစုက ငွေကျပ်ငါးသိန်း၊ ဝန်ကြီးဗိုလ်မှူးချုပ် စည်သူတင်ဖေ(ငြိမ်း)-ဒေါ်သိန်းဆိုင်(မမြတ်လေး) တို့အား အမှူးထား၍ ဦးဉာဏ်ထွန်းဦး-ဒေါ်ခင်စောဥမ္မာ၊ ဦးနန္ဒကျော်စွာ-ဒေါက်တာဒေါ်မြင့်ငွေး (မြတ်လေး ရုံမိသားစု) နှင့် ဦးသက်ထွန်း-ဒေါ်သီသီနွယ် မိသားစုတို့က ငွေကျပ်နှစ်သိန်းစီ၊ ဒေါက်တာမြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး) မိသားစုနှင့် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ်တစ်သိန်းစီ တို့ကို ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)နှင့် ဒုတိယဥက္ကဋ္ဌများ၊ တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ **(အပေါ်ပို့)**

ထို့နောက် မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံ စာရေးဆရာအသင်း ဗဟိုအမှူဆောင်ကော်မတီ (၅/၂၀၂၂) အစည်းအဝေးကိုကျင်းပခဲ့ပြီး ၁၃၈၄ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းခဲ့ကြောင်းသိရသည်။

သတင်းစဉ်

ယနေ့စျေးကွက်ပေါက်စျေးများ

၃ - ၁၂ - ၂၀၂၂

ရွှေ

အကယ်ဒမီမီးလင်းရွှေအဖွင့်စျေး	တစ်ကျပ်သား ကျပ်	၂၁၁၅၀၀၀
အကယ်ဒမီမီးလင်းရွှေအပိတ်စျေး	တစ်ကျပ်သား ကျပ်	၂၁၂၂၀၀၀
ကမ္ဘာ့ရွှေစျေးအဖွင့်စျေး	တစ်အောင်စ	အမေရိကန်ဒေါ်လာ ၁၇၉၆
ကမ္ဘာ့ရွှေစျေးအပိတ်စျေး	တစ်အောင်စ	အမေရိကန်ဒေါ်လာ ၁၈၀၂

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

စက်သုံးဆီ(လက်လီစျေးနှုန်းများ)

စက်သုံးဆီ	(ရန်ကုန်)	(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၂၂၈၀ ကျပ်	၂၄၂၅ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၂၄၅၅ ကျပ်	၂၅၀၀ ကျပ်
အောက်တိန်း ၉၂	၁၉၆၅ ကျပ်	၂၀၁၀ ကျပ်
အောက်တိန်း ၉၅	၂၀၄၀ ကျပ်	၂၀၉၀ ကျပ်

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ်	၂၁၀၀ . ၀
ဥရောပ	တစ်ယူရို	ကျပ်	၂၂၀၉ . ၆
စင်ကာပူ	တစ်ဒေါ်လာ	ကျပ်	၁၅၅၅ . ၃
ထိုင်း	တစ်ဘတ်	ကျပ်	၆၀ . ၃၈၈
ဂျပန်	ယန်း ၁၀၀	ကျပ်	၁၅၆၉ . ၄
မလေးရှား	တစ်ရင်းဂစ်	ကျပ်	၄၇၈ . ၃၆
တရုတ်	တစ်ယွမ်	ကျပ်	၂၉၈ . ၉၄
အိန္ဒိယ	တစ်ရူပီး	ကျပ်	၂၅ . ၈၃၅

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

ရန်ကုန်စတော့အိတ်ချိန်းစျေးကွက်

ကုမ္ဗဏီအမည်	အဖွင့်စျေး (ကျပ်)	အပိတ်စျေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၉၁၀၀	၉၁၀၀	၂၂၈၁	၂၀၇၅၇၁၀၀
MTSH	၃၃၀၀	၃၃၀၀	၁၉၇၉	၆၅၃၀၇၀၀
MCB	၇၇၀၀	၇၇၀၀	၆၂	၄၇၇၄၀၀
FPB	၁၉၅၀၀	၁၉၅၀၀	၃၂၁	၆၂၅၉၅၀၀
TMH	၂၆၅၀	၂၆၅၀	၁	၂၆၅၀
EFR	၂၆၅၀	၂၆၅၀	၁၄၁	၃၇၁၆၅၀
AHP	၄၉၀၀	၄၉၀၀	၁၆၀	၇၈၄၀၀၀

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
ခေတ္တစာတည်းမှူး	-	မြင့်စိုး
သတင်းထောက်မှူး	-	ခင်ရတနာ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန် စာတည်း	-	ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ	-	ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း သတင်းထောက်များ	-	ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံ သတင်းထောက်	-	တင်စိုး
သုတေသန	-	အိအိခင်နှင့် အဖွဲ့
စာပြင်	-	အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း	-	သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ ဈေး ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၃၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News — Presented by NPE — www.mdn.gov.mm

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၄-၁၂-၂၀၂၂ တနင်္ဂနွေနေ့

MRTV HD

၀၆:၀၀ နိုင်ငံတော်သံယမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တာသုတ်၊ရတနာသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ အန္တရာယ်ကင်းပရိတ်တရားတော်	၁၃:၅၅ မြန်မာဂန္ဓဝင်ရပ်ရှင် "မြဲချုံသံ" (မြတ်လေး၊တွံတေးသိန်းတန်၊ဟာမာအေး၊ ကြည်ကြည်ငြိမ်း)
၀၇:၀၀ နံနက်ခင်းသတင်း	၁၆:၁၅ "ကာတာကဟ္ဘဏလား နေ့စဉ်ပွဲကြီး သုံးသပ်ချက်များ"
၀၈:၁၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ခုနှစ်၊နိုဝင်ဘာလ)(တတိယပိုင်း)	၁၇:၁၅ ထူးခြားစုံလင်အာရှပဓိဗိတ်အစီအစဉ်
	၁၇:၃၀ Economic Review
၀၉:၂၀ သတင်းသမားပြောတဲ့သတင်းစကား	၁၈:၀၀ ပြည်တွင်းသတင်း
၀၉:၅၅ စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုသီချင်းဆို ပြိုင်ပွဲ 'တူယှဉ်ခဲ့လျှင်ဂီတပွဲတော် Season-2' တေးသီချင်းဆိုပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ် (Level-2)(ပွဲစဉ်-၁၄)(ပြဋ္ဌာန်းတေးသီချင်း)	၁၈:၃၀ သုတဝေဖြာ...သိရိဂေဟာ
	၁၉:၁၅ မြန်မာဇာတ်လမ်းတွဲ "အတိုးမပေးတဲ့.....နီးလေး" (အပိုင်း-၁၆)
	၂၀:၀၀ ပြည်တွင်းသတင်း၊နိုင်ငံတကာသတင်း၊ ပိုးလေဝသအခြေအနေ
၁၁:၄၅ အသိပညာနှင့်အပုန်တရား "ရုရှားနှင့်ပူးပေါင်း ဆောင်ရွက်မှုများ" (အပိုင်း-၁)	၂၁:၀၀ 2022 World Cup Highlignt(14)
၁၂:၃၀ 2022 World Cup Highlignt(14)	၂၁:၀၅ ဘဝနှင့်အနုပညာ "အားလုံးကချစ်တဲ့ ဒီးကောင်ပလေးထပ်ဆင့်အာယ်ဒီ တေးသံရှင်ချိုချိုပြုံး" (အပိုင်း-၄)
၁၂:၄၅ Weekly Local News Highlights	
၁၃:၀၀ MRTV National News	

mitv

07:01 Evergreen Classic: Than Thayar Kayee Thel (Ei Ei Chon)
07:08 Myanmar Marionette
07:37 Sri Ksetra, Field of Fortune & Glory (Part-3)
08:01 News
08:28 Water Hyacinth and Rattan Products
08:43 Five-Star Ocean Liners in Myanmar Waters
09:01 His Life and His Art
09:32 Today Myanmar
09:39 Geographic Center of Myanmar
10:01 News
10:28 Maha Muni Pagoda
10:37 Perspectives: Spotting Fake News
11:02 One of the Useful Purposes of Bamboo
11:11 Weekly Review

MRTV NRC

၅၂:(လိုင်ဖိုး) (၀၆:၀၀ မှ ၀၇:၀၀)	**'၀' (၁၄:၀၀ မှ ၁၆:၀၀)**
ကျန်းမာရေးအတွက်ကောင်းကျိုးများသည် ဗဟာကာကြာဆစ်	နေကြာစိုက်ပျိုးခြင်း(အပိုင်း-၁)
	ကချင် (၁၆:၀၀ မှ ၁၈:၀၀)
၅၂:(ချိုး) (၀၇:၀၀ မှ ၀၈:၀၀)	'၀'ဥစိုက်ကြမယ်
ဆောင်းရာသီရဲ့သဘာဝပန်းအလှများ	
	ကယား (၁၈:၀၀ မှ ၂၀:၀၀)
မွန် (၀၈:၀၀ မှ ၁၀:၀၀)	ကယားရိုးရာ၀တ်သားနှင့်ဗတ်ခါးရှက်ဝါးပီးကင်
ကင်ဆာရောဂါအကြောင်းသိကောင်းစရာ	
	ဝကောကရင် (၂၀:၀၀ မှ ၂၁:၀၀)
ရခိုင် (၁၀:၀၀ မှ ၁ ၂:၀၀)	သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၁၁)
လခြမ်းမြေမှုရိုးရာအလှ(အပိုင်း-၂)	
	အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)
ရှမ်း (၁ ၂:၀၀ မှ ၁၄:၀၀)	နှစ်(၁၀၀)ကျော်ရှိပြီးဖြစ်တဲ့ကရင်ရိုးရာလုံချည်
မုန့်တိုကြောက်ပြုလုပ်နည်း	
	အရှေ့ပိုးကရင် (၂ ၂:၀၀ မှ ၂၃:၀၀)
	ရာသီပန်းကလေးပွင့်လန်းလို့မွှေး

MRTV NEWS

၀၆:၀၀ အဖွင့်၊တေးသီချင်း	
၀၆:၄၀ အားကစားသတင်း	
၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)	
၀၉:၀၀ ပြည်တွင်းသတင်း(LIVE)	
၀၉:၁၅ "Weekly Selected News"	
၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)	
၁၁:၀၀ ပြည်တွင်းသတင်း(LIVE)	
၁ ၂:၁၅ ကာတာကဟ္ဘဏလား (Hightlights)	
၁၄:၀၀ MRTV National News	
၁၄:၂၀ News Desk	
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)	
၁၅:၄၅ ကာတာကဟ္ဘဏလား (ပွဲကြိုးသုံးသပ်ချက်)	

MRTV PARLIAMENT

၀၉:၀၀	အဖွင့်အသံ
၀၉:၃၀	ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို "**အရိုပ်တကြည့်ကြည့်**"
၁၀:၀၀	ပြည်ထောင်စုလွှတ်တော်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀	ဥပဒေအိုင်ဂျာသိမှတ်ဗဟုယ်ရာဆွေးနွေးခန်း (အပိုင်း-၇)
၁၁:၀၀	နိုင်ငံတကာလွှေးကောက်ပွဲများအကြောင်း-ဆွစ်ဇလန်နိုင်ငံ "**အင်တွေးအမြင်**"(အပိုင်း-၇)

MRTV FARMERS'

၀၆:၀၀	အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက်
၀၆:၀၂	တောင်သူလယ်သမားရေးရာသတင်း
၀၆:၃၀	ကဟ္ဘာနန်းကျင်ဇီဝမျိုးကွဲစုံလင်
၀၆:၅၀	သုတဝေစည်တောင်သူသီ
၀၇:၀၀	စိုက်ပျိုးရေးရာအခြေရာ
၀၇:၂၅	ဆန်ကိုအခြေခံ၍ကွတ်ကီးနှင့် ပေါင်မုန့်ပြုလုပ်ခြင်း
၀၇:၃၅	စာသင်ခန်းမှသည်လယ်တောသို
၀၇:၅၀	လယ်လုပ်သူတို့ပျော်ရွှင်ချိန်
၀၈:၄၅	ကဟ္ဘာအလှမြန်မာ့တော်ဝင်သစ်ခွ

MRTV SPORTS

၀၆:၀၀	အဖွင့်
၀၆:၃၀	အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀	Sports News
၀၇:၃၀	Soccer View/ Weekly Sports Info/ Sports Diary
၀၇:၄၅	အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀	မြန်လည်ခံစားမြန်မာနေ့ရှင်နယ်လိပ် ဘောလုံးပွဲစဉ်များ
၁၅:၂၀	2022 World Cup Hightlignt / ကာတာကဟ္ဘဏလားနေ့စဉ်ပွဲကြိုးသုံးသပ်ချက်
၂၀:၀၀	ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ်နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်ပဲသျှင် (၇)နာရီ (၆)ကြိမ်ခန့်၊ (၂)ကြိမ်ခန့်(၂၇)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

ပလောက်မြို့တွင် နွေစပါးနှင့်ဆောင်းသီးနှံ ၂၆၇ ဧက စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိ

ပလောက် ဒီဇင်ဘာ ၃

ဒေသတွင်း ဝမ်းစာဖူလုံမှုရရှိစေရေးနှင့် ဆောင်းသီးနှံ တိုးမြင့်စိုက်ပျိုးထုတ်လုပ်နိုင်စေရန်ရည်ရွယ်၍ တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ပလောက်မြို့တွင် နွေစပါးနှင့် ဆောင်းသီးနှံ ၂၆၇ ဧက စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း မြို့ဦးစီးမှူး ဦးသော်ဇင်ထွန်းက ပြောကြားသည်။

ပလောက်မြို့တွင် ယခုနှစ် မိုးစပါးဧက ၁၅၅၀၃ ရိတ်သိမ်းပြီးစီးသည့် အချိန်တွင် သီးထပ်သီးညှပ်အနေဖြင့် နွေစပါးစိုက်ဧက ၇၈ ဧကနှင့် ဆောင်းသီးနှံ ၁၈၉ ဧကကို ထပ်မံစိုက်ပျိုးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ပလောက်မြို့မှာ ဆည်ရေသောက်ဧရိယာ မရှိတဲ့အတွက်ကြောင့် သဘာဝရေချိုချောင်းရေနဲ့ စိမ့်စမ်းရေတို့ကို အသုံးပြုပြီးတော့ သီးထပ်အနေနဲ့ နွေစပါး ၇၈ ဧကကို စိုက်ပျိုးသွားပါမယ်။ မိုးစပါးရိတ်သိမ်းပြီးသွားရင်တော့ ပလောက်မြို့ အမှတ်(၁) ရပ်ကွက်မှာရှိတဲ့ ရေချိုချောင်းရေကို အသုံးပြုရေသွင်းပြီး နွေစပါးဧက ၇၀ ကို ရေသွင်းစိုက်ပျိုးဖို့ရှိပါတယ်။ ဒုံအပြင် ဆင်ထိုးကြီးကျေးရွာမှာလည်း သဘာဝစိမ့်စမ်းရေယူပြီး စိုက်ဧက ၈ ဧက၊ စုစုပေါင်းနွေစပါး ၇၈ ဧက စိုက်ပျိုးဖို့ စီစဉ်ထားပါတယ်။ နောက်တစ်ခါ ဆောင်းသီးနှံအနေနဲ့ကတော့ ပဲမျိုးစုံ ၅၆ ဧက၊ ငရုတ် ၃၆ ဧက၊ ဖူးစားပြောင်း ၁၇ ဧကနဲ့ ဆောင်းနှမ်းနဲ့ နေကြာ စံပြကွက် နှစ်ဧကတို့အပြင် စားဖိုဆောင်သီးနှံ ၇၈ ဧကနဲ့ ဆိုရင်တော့ ပေါင်း ၁၈၉ ဧကတို့ကို စိုက်ပျိုးသွားဖို့ လျာထားဆောင်ရွက်လျက်ရှိပါတယ်"ဟု ပလောက်မြို့ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့ဦးစီးမှူး ဦးသော်ဇင်ထွန်းက ဆက်လက်ပြောကြားသည်။

ယခုနှစ်တွင် ပလောက်မြို့၌ မိုးစပါးရိတ်သိမ်းပြီးစီးပါက နွေစပါး ၇၈ ဧကနှင့် ပဲမျိုးစုံ ၅၆ ဧက၊ ဆောင်းသီးနှံနေကြာ၊ နှမ်းစံပြကွက် နှစ်ဧကနှင့် ဖူးစားပြောင်း ၁၇ ဧက၊ ငရုတ် ၃၆ ဧက၊ စားဖိုဆောင်ဟင်းသီးဟင်းရွက် ၇၈ ဧကအပါအဝင် ၁၈၉ ဧက၊ စုစုပေါင်းနွေစပါး၊ ဆောင်းသီးနှံ စိုက်ဧက ၂၆၇ ဧကကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပလောက်မြို့ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"၂၀၂၁-၂၀၂၂ ခုနှစ်၊ တောင်ယာ(သီးညှပ်) စပါးစိုက်ဧက ၃၁၃ ဧက စိုက်ပျိုးခဲ့ရာမှာ စပါးတစ်ဧကအထွက်နှုန်း ၅၈ ဒသမ ၀၇ တင်းထွက်ခဲ့ပါတယ်။ ယခု ၂၀၂၂-၂၀၂၃ ခုနှစ်မှာ တောင်ယာ(သီးညှပ်) စပါးစိုက်ဧကကတော့ ၃၁၈ ဧကမှာ အထွက်နှုန်းတစ်ဧက ၅၉ တင်း ထွက်ရှိတဲ့အတွက် ယခင်နှစ်ကထက် ဒီနှစ်မှာတော့ တောင်ယာစပါးထွက်ရှိမှုတိုးတက်လာပါတယ်။ မိုးစပါးအနေနဲ့ နိုဝင်ဘာလကုန်အထိ ထွက်ရှိမှုမှာကတော့ တစ်ဧကပျမ်းမျှ ၇၃ ဒသမ ၂၆ တင်း ထွက်ရှိပါတယ်"ဟု မြို့ဦးစီးမှူး ဦးသော်ဇင်ထွန်းက ဆက်လက်ပြောကြားသည်။

မြိတ်ခရိုင် ပုလောမြို့နယ် ပလောက်မြို့တွင် ရပ်ကွက်လေးခု၊ ကျေးရွာအုပ်စု ခုနစ်အုပ်စု၊ ကျေးရွာပေါင်း ၄၈ ရွာ၊ လူဦးရေ ၃၉၀၀၀ ကျော်ခန့်ရှိပြီး မိုးစပါးစိုက်ဧက ၁၅၅၀၃ ဧက၊ တောင်ယာစပါး စိုက်ဧက ၃၁၃ ဧကနှင့် ဆောင်းသီးနှံပဲမျိုးစုံ၊ ဖူးစားပြောင်းနှင့် ဟင်းသီးဟင်းရွက် စိုက်ခင်းဧကပေါင်း ၁၈၉ ဧကရှိကြောင်းနှင့် ဒေသဝမ်းစာဖူလုံမှုမှာ ၁၄၈ ဒသမ ၂၅ ရာခိုင်နှုန်းခန့်ရှိကြောင်း ပလောက်မြို့ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင့်ဦး(မြိတ်)

ဆိပ်ဖြူမြို့နယ်ထွက် မိုးစပါးများ ယခင်နှစ်ထက် စျေးနှုန်းပိုမိုရရှိ

ဆိပ်ဖြူ ဒီဇင်ဘာ ၃

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ စိုက်ပျိုးသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသလို ယခင်နှစ်ထက် စပါးစျေးလည်း ပိုမိုရရှိလျက်ရှိကြောင်း စပါးစိုက်တောင်သူများထံမှ သိရသည်။

ဆိပ်ဖြူမြို့နယ်၌ ဒေသခံတောင်သူများသည် ဒေသဝမ်းစာဖူလုံရေးနှင့် မိသားစုဝင်ငွေတိုးပွားရေးအတွက် မိုးစပါးကို မြစ်ရေတင်စနစ်၊ ဆည်ရေသောက်စနစ်၊ ဆည်ငယ်ကန်ငယ်၊ မိုးကောင်းသောက်နှင့် မြေအောက်ရေတင်စနစ် အစရှိသော စိုက်ပျိုးရေရရှိရေး နည်းလမ်းအသွယ်သွယ်တို့ဖြင့် စိုက်ပျိုးကြပြီး ဆင်းသုခ စပါးမျိုးနှင့် ဧရာမင်းစပါးမျိုးများကို အများဆုံး စိုက်ပျိုးခဲ့ကြသည်။

ယခုနှစ်တွင် ဆိပ်ဖြူမြို့နယ်၌ မိုးစပါးဧက ၁၀၂၀၀ စိုက်ပျိုးခဲ့ပြီး လက်ရှိအချိန်တွင် တောင်သူတို့ စိုက်ပျိုးဆောင်ရွက်ခဲ့သည့် မိုးစပါးများကို စတင်ရိတ်သိမ်းလျက်ရှိသည်။ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းခြင်းကြောင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိသလို ယခင်နှစ်ထက် စပါးစျေးပိုမိုရရှိခြင်းကြောင့် တောင်သူများအနေဖြင့် အဆင်ပြေကြကြောင်း၊ ယခင်နှစ်ကမိုးစပါးစတင်ပေါ်ချိန်တွင် ဆင်းသုခစပါး တစ်တင်းလျှင် ကျပ် ၈၀၀၀၊ ဧရာမင်းစပါး တစ်တင်းလျှင် ကျပ် ၁၀၀၀၀ သာ ရရှိခဲ့ကြောင်း၊ ယခုနှစ်တွင် မိုစပါးတစ်ဧကလျှင် စိုက်ပျိုးမြေပြင်စရိတ်၊ စိုက်ပျိုးစရိတ်၊ ရိတ်သိမ်းစရိတ် ကျပ်သုံးသိန်း၀နှစ်ကျင်ခန့် ကုန်ကျကာ တင်း ၉၀ ခန့်ထွက်ရှိပြီး ဆင်းသုခ စပါး တစ်တင်းလျှင် ကျပ် ၁၂၀၀၀ မှ ၁၄၀၀၀ အထိ၊ ဧရာမင်းစပါး တစ်တင်းလျှင် ကျပ် ၁၃၀၀၀ မှ ၁၅၀၀၀ အထိ စျေးရရှိကြောင်း၊ စပါး၀ယ်ယူသူများ အနေဖြင့် လက်ရှိတွင် ဆင်းသုခစပါးများကို ပို၍၀ယ်ယူနေကြောင်း မိုးစပါးစိုက်တောင်သူများထံမှ သိရသည်။

စိုးလင်းနိုင်
(ပြန်/ဆက်)

မိုင်းခုတ်မြို့၌ သီးမွှေးငှက်ပျောများ စီးပွားဖြစ်စိုက်ပျိုးလာ

မိုင်းခုတ် ဒီဇင်ဘာ ၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခုတ်မြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကိုသာ အဓိကထားလုပ်ကိုင်ကြပြီး ယခုအခါ သီးမွှေးငှက်ပျောများ စိုက်ပျိုးရောင်းချခြင်းဖြင့် အခြားသီးနှံများထက် အမြတ်ငွေပိုမိုရရှိသဖြင့် သီးမွှေးငှက်ပျောပင်များ စီးပွားဖြစ်စိုက်ပျိုးလာကြရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ဒေသခံတောင်သူ ဦးကျော်ဦးက စိုက်ပျိုးရေးခြံ၌ ပန်းပင်များနှင့် ဟင်းသီးဟင်းရွက်ပင်များကို ရာသီအလိုက် စိုက်ပျိုးပြီး ယခင်ကနှစ်ရှည်သီးနှံများဖြစ်သည့် သင်္ဘောသီး၊ ကီလိုမာလကာသီး၊ နာနတ်သီးနှင့် ငှက်ပျောပင်များကို စိုက်ပျိုးရောင်းချရာမှ ယခုအခါ သီးမွှေးငှက်ပျောများ လူကြိုက်များ၍ စျေးကောင်းရသဖြင့် စီးပွားဖြစ် စိုက်ပျိုးထားကြောင်း၊ ငှက်ပျောပင်များသည် စိုက်ပျိုးစရိတ် အလွန်သက်သာကြောင်း၊ စိုက်ပျိုးပြီး ၁၀ လ သို့မဟုတ် တစ်နှစ်ခန့်တွင် စတင်အသီးသီးကြောင်း ပြောသည်။

ငှက်ပျောသီး ထွက်ရှိမှုအနေဖြင့် ငှက်ပျောတစ်ခိုင်လျှင် ၁၂ ဖီး(သို့) ၁၄ ဖီးခန့်ရှိပြီး တစ်ဖီးလျှင် အလုံး ၂၂ လုံးခန့်ပါရှိကြောင်း၊ လက်ရှိတွင် တစ်ဖီးလျှင် ကျပ် ၁၅၀၀ စျေးနှုန်းဖြင့်ရောင်းချရကြောင်း၊ အခိုင်လိုက်ရောင်းပါက ငှက်ပျောသီးအရွယ်အစားပေါ်မူတည်၍ စျေးနှုန်းအစားစားရှိကြောင်း၊ စားသုံးသူများကြိုက်နှစ်သက်သည့်အတွက် တောင်သူများအနေဖြင့် ပိုမိုစိုက်ပျိုးလာပြီး မိုင်းဆတ်မြို့နှင့် ကျိုင်းတုံမြို့များသို့ တင်ပို့ရောင်းချနေရကြောင်း သိရသည်။

ယဉ်ယဉ်ဝင်း(ပြန်/ဆက်)

ကျောက်ဆည်မြို့နယ် ကျေးရွာများ၌ ပဲမြစ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

ကျောက်ဆည် ဒီဇင်ဘာ ၃

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ဒွေးလှကျေးရွာမှ တောင်သူအများစုသည် စိုက်ပျိုးရေးလုပ်ကိုင်ရာတွင် မိုးရေနှင့် မြေအောက်ရေကိုအဓိကထား စိုက်ပျိုးလုပ်ကိုင်ရသောကြောင့် ပဲမြစ်၊ ငှက်ပျော၊ ကြက်သွန်၊ ကုလားပဲ၊ ပဲစင်းငုံ စသည့်သီးနှံများ အဓိကထား စိုက်ပျိုးကြကြောင်းနှင့် ယခုအခါ မိုးရာသီမှ စတင်စိုက်ပျိုးခဲ့သော ပဲမြစ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး တူးဖော်ရောင်းချရာတွင် စျေးကောင်းရရှိသဖြင့် အကျိုးအမြတ်များစွာ ရရှိလျက်ရှိကြောင်း သိရသည်။

ပဲမြစ်စိုက်ပျိုးမည်ဆိုပါက မြေကိုကောင်းမွန်စွာ ပြုပြင်ထားရပြီး မျိုးရွေးချယ်မှုသည် အရေးကြီးကြောင်း၊ မျိုးရွေးချယ်မှု မှန်ကန်မှသာ ပဲမြစ်အထွက်နှုန်းကောင်း၍ ရောင်းချရာတွင် ဝယ်ယူသူများပြားကြောင်းနှင့် ပဲမြစ်တစ်ဧက စိုက်ပျိုးမည်ဆိုပါက မျိုးစေ့တစ်တင်း အသုံးပြုရကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် လယ်တစ်ဧကတွင် မြေအမျိုးအစားနှင့် သွင်းအားစုအပေါ်မူတည်ပြီး ငွေကျပ် ရှစ်သိန်းမှ ၁၀ သိန်းခန့် ကုန်ကျကြောင်း ပဲမြစ်စိုက်ပျိုးသည့် တောင်သူများထံမှ သိရသည်။

ပဲမြစ်သီးနှံသည် သက်တမ်းအားဖြင့် လေးလမှ ငါးလအထိကြာမြင့်ကြောင်း၊ မျိုးရွေးချယ်မှုမှန်ကန်ပြီး အပင်ပြုစုမှုကောင်းမွန်ပါက လယ်တစ်ဧကတွင် ပိသာချိန် ၉၀၀ မှ ၁၀၀၀ အထိ ထွက်ရှိပြီး ယခုအခါ ပဲမြစ်တစ်ပိသာ ငွေကျပ် ၁၈၀၀ မှ ၂၀၀၀ ကျပ်အထိ တူးဖော်ရောင်းချရသဖြင့် ပဲမြစ်စိုက် တောင်သူများ အကျိုးအမြတ်များစွာ ရရှိလျက်ရှိကြောင်း ဒေသခံတောင်သူတစ်ဦးက ပြောသည်။

သက်မောင်(ကျောက်ဆည်)

လိပ်သိုဒေသ၌ ကော်ဖီသီးများ ရင့်မှည့်လာပြီဖြစ်၍ တောင်သူများ စတင်ဆွတ်ခူး

လိပ်သို ဒီဇင်ဘာ ၃

ကရင်ပြည်နယ် ဘားအံခရိုင်ရှိ တောင်ပေါ်ဒေသဖြစ်သော လိပ်သိုဒေသတစ်ခွင် ကျေးရွာအချို့၌ ကော်ဖီသီးများ ရင့်မှည့်လာပြီဖြစ်၍ စိုက်ပျိုးထားသူ တောင်သူများ ကော်ဖီသီးစတင်ဆွတ်ခူး၍ ကော်ဖီသီးအစိုအတိုင်း ရောင်းချလျက်ရှိကြသလို နေလှန်းအခြောက်ခံကာ ကော်ဖီစေ့များ ထုတ်လုပ်သူများလည်း ရှိကြောင်း သိရသည်။

လိပ်သိုဒေသရှိ ကော်ဖီစိုက်တောင်သူများမှာ အာရေဘီးကား ကော်ဖီမျိုးနှင့် ရိုဘတ်စတာ ကော်ဖီမျိုးများကို စိုက်ပျိုးထားကြပြီး အာရေဘီးကားမျိုးများမှာ စောစောရင့်မှည့်၍ စောစော ဆွတ်ခူးကြကြောင်း၊ အချို့ တောင်သူများမှာ ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ၊ ကော်ဖီသီးနံ့ဌာနခွဲတို့မှ အရည်အသွေး ကောင်းမွန်သော ကော်ဖီစေ့များ ရရှိရန် ကော်ဖီဆွတ်ခူးခြင်း၊ နည်းပညာ ဖြန့်ဝေပေးမှုများ အတိုင်း လုပ်ဆောင်ဆွတ်ခူးကြသော်လည်း အချို့တောင်သူများမှာ မိသားစုစားဝတ်နေရေး အဆင်ပြေစေရန် အစိုအတိုင်း ဦးစားပေး ဆွတ်ခူးကြကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။

လက်ရှိအချိန်တွင် ကော်ဖီသီး အစို ဝယ်ယူသူများက ကော်ဖီသီး အစို လေးထောင့်ပုံးတစ်ပုံးလျှင် ကျပ် ၅၀၀၀ မှ ၆၅၀၀ အထိ စျေးနှုန်းဖြင့် ဝယ်ယူလျက်ရှိကြောင်း သိရသည်။ **ခင်လေးနွယ် (လိပ်သို)**

ကြို့ပင်ကောက်မြို့နယ်၌ ဆီထွက်သီးနှံ ဆောင်းနေကြာ ဧက ၃၃၆၀ စိုက်ပျိုးပြီးစီး

ကြို့ပင်ကောက် ဒီဇင်ဘာ ၃

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် အတွင်း ဆီစားသုံးမှု ဖူလုံတိုးတက်လာစေရေး အတွက် နိုဝင်ဘာလ နောက်ဆုံးပတ်အတွင်း ဆီထွက်သီးနှံနေကြာ ဧက ၃၃၆၀ ကို တောင်သူများက စိုက်ပျိုးပြီးစီးသွားပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းနေကြာ သီးသန့်စိုက်ဧက ၁၅၀ နှင့် ဆောင်းသီးနှံ ပဲခင်းများတွင် သီးညှပ်စိုက်ဧက ၃၂၁၀ ကို ကျေးရွာအုပ်စု ၂၅ အုပ်စုတွင် တောင်သူ ၉၈၈ ဦးက စိုက်ပျိုးပြီးစီး

သွားပြီဖြစ်ကြောင်း၊ တောင်သူများအား တစ်ဧကလျှင် နေကြာမျိုးစေ့တစ်အိတ်နှင့် ဓာတ်မြေသြဇာ အိတ်တစ်ဝက်တို့ကို ရောင်းချပေးခဲ့ကြောင်း၊ နေကြာစိုက်ပျိုးမည့် တောင်သူများကိုလည်း စိုက်ပျိုးချိန်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သက်ဆိုင်ရာနယ်မြေ တာဝန်ခံဝန်ထမ်းများက ကွင်းထဲအရောက် စိုက်ပျိုးရေးနည်းပညာများ ပိုးမွှားကာကွယ်ရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးမောင်မောင်ဌေးက ပြောသည်။ ကြို့ပင်ကောက်မြို့နယ်၌ ဆီထွက်သီးနှံ ဆောင်းနေကြာ ဧကပေါင်း ၃၇၀၁ ဧက စိုက်ပျိုးသွားနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇေယျာထွန်း(ကြို့ပင်ကောက်)

ဘော်နင်း ခေတ်မီစံပြကျေးရွာ၌ အာလူးစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်

ကလော ဒီဇင်ဘာ ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်စီးပွားရေးမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း RBF စီမံကိန်းဖြင့် ဘော်နင်းခေတ်မီစံပြကျေးရွာ ၌ အာလူးစိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ဘော်နင်းကျေးရွာ၌ အဆိုပါစီမံကိန်းအရ စိုက်ပျိုးရေးအစုအဖွဲ့ လုပ်ငန်းများဖြစ်သည့် အဖွဲ့(၁)၊ အဖွဲ့(၂)၊ အဖွဲ့(၃)တို့၏ အားလူးစိုက်ပျိုးနေမှု အခြေအနေများကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တဦးစီးမှူး ဒေါ်ဝင်းခိုင်နှင့် တာဝန်ရှိသူများက ဒီဇင်ဘာ ၁ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

ဘော်နင်းခေတ်မီစံပြကျေးရွာ၌ အာလူးစိုက်ပျိုးခြင်း လုပ်ငန်းများကို RBF စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၃၀၀ နှင့် အသင်းအစုများ၏ မတည်ငွေကျပ်သိန်း ၁၀၀ တို့ဖြင့် အောက်တိုဘာ စတုတ္ထအပတ်မှ စတင်စိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး အာလူးများထွက်ရှိလာပါက ကလောမြို့နယ်အတွင်းရှိ တစ်နိုင်တစ်ပိုင် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သည့် အာလူးကြော်ထုတ်လုပ်သည့်နေရာများသို့ တင်ပို့ရောင်းချမည်ဖြစ်၍ ဒေသအတွင်း အာလူးစားသုံးမှုအတွက် ဖူလုံစေမည့်အပြင် အခြားဒေသများသို့လည်း တင်ပို့ရောင်းချခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ခေတ္တဦးစီးမှူးက ပြောသည်။

ချိုသန်းညွန့် (ကျေးလက်)

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောင်းသီးနှံ ဧက ၅၂ သိန်းကျော် စိုက်ပျိုးပြီးဖြစ်

စစ်ကိုင်း ဒီဇင်ဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောင်းသီးနှံ ဧက ၆၂ သိန်းကျော် စိုက်ပျိုးရန် လျာထားသည့်အနက် အောက်တိုဘာလကုန်အထိ ဧက ၅၂ သိန်းကျော် စိုက်ပျိုးထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးအောင်ကြည်ဝင်းထံက သိရသည်။

"လက်ရှိကာလက ဆောင်းသီးနှံတွေ စိုက်နေတာပါ။ စစ်ကိုင်းတိုင်းက ၂၀၂၂-၂၀၂၃ မှာ ဆောင်းသီးနှံ ဧက ၆၂ သိန်းကျော်စိုက်ဖို့ လျာထားတယ်။ အရင်နှစ်က ဆောင်းသီးနှံဧက ၅၃ သိန်းကျော် စိုက်ခဲ့တယ်။ အခုနှစ်မှာ အောက်တိုဘာလကုန်အထိ ဧက ၅၂ သိန်းကျော် စိုက်ပြီးပြီ။ လျာထားချက်ထက် တိုးစိုက်နိုင်ပါတယ်" ဟု ဦးအောင်ကြည်ဝင်းက ပြောသည်။

လက်ရှိ စစ်ကိုင်းတိုင်းဒေသကြီးထဲ၌ ကုလားပဲအုပ်စု၊ ဂျုံ၊ အစေ့ထုတ်ပြောင်း စသည်ဖြင့် ဆောင်းသီးနှံမျိုးစုံ စိုက်ပျိုးနေကြပြီး နွေစပါးစိုက်ဧက မပေါ်သေးကြောင်း သိရသည်။ စစ်ကိုင်းတိုင်းဒေသကြီး အတွင်း ဂျုံဧက တစ်သိန်းခန့် စိုက်ရန်လျာထားရာ ဧက ၃၅၀၀၀ ခန့် စိုက်ပြီးဖြစ်သလို နှံစားပြောင်းဧက၁၁၀၀၀ ကျော်၊ အစေ့ထုတ်ပြောင်း ဧက ၁၅၀၀၀ ကျော်၊ ဖူးစားပြောင်း ဧက ၈၇၀၀၀ကျော်၊ မြေပဲ ဧက ၃၈၀၀၀ ကျော်၊နေကြာဧက ၁၂၀၀၀ ကျော်စိုက်ပျိုးထားပြီးဖြစ်ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ကိုကိုကြီး

နွားထိုးကြီးမြို့နယ် ထန်းလျက်အသစ် စောပေါ်

နွားထိုးကြီး ဒီဇင်ဘာ ၃

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ်၌ ယခုနှစ် ထန်းလျက်အသစ်များ ထွက်လာပြီဖြစ်ကြောင်းနှင့် လက်ရှိအချိန်တွင် ထန်းလျက်တစ်ပိဿာလျှင် ကျပ် ၂၅၀၀-၂၈၀၀ ခန့်မှစ၍ စျေးပေးဝယ်နေကြပြီး ယခုနှစ် ထန်းလျက်စျေးကောင်းနိုင်ကြောင်း၊ သို့သော် ကြံ့သကာနှင့် ကြံ့ပွရည်ကြောင့် ထန်းလျက်စျေး အတက်ကြွမ်းမည်မဟုတ်ကြောင်း စိန်ဒိုင်းမွန်းပွဲရုံမှ သိရသည်။

နွားထိုးကြီးမြို့နယ်အတွင်း၌ ထန်းပင်လေးသိန်းကျော်၊ ထန်းတက်လုပ်သား ၈၀၀၀ ကျော်ရှိသော်လည်း ထန်းသမားအများအပြားမှာ နိုင်ငံခြားရောက်နေ၍ ထန်းလျက်ပိဿာချိန် သိန်း ၁၀၀ ဝန်းကျင်ထွက်ရေးမှာ မမျှော်မှန်းနိုင်ဟု တောင်သူများက ဆိုသည်။ ဤအတောအတွင်း ထန်းပင်အမြောက်အမြားကို သစ်သားအစားထိုး အိမ်ဆောက်ပစ္စည်းအဖြစ် အသုံးပြုနေ၍လည်း ထန်းပင်အများအပြား ခုတ်လှဲခံနေရကြောင်း အညာထန်းတောင်သူတို့က ပြောသည်။ **(၀၁၈)**

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ငရုတ်စျေးကောင်းရသဖြင့် ဧက ၁၃၀၀ ကျော်အထိ လျာထားစိုက်ပျိုးလျက်ရှိ

ပွင့်ဖြူ ဒီဇင်ဘာ ၃

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ငရုတ်စျေးကောင်းရသဖြင့် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ငရုတ်သီးကို တစ်မြို့နယ်လုံး၌ ၁၃၄၂ ဧက လျာထားစိုက်ပျိုးလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်အတွင်း ဟင်းသီးဟင်းရွက် သီးနှံများ စိုက်ပျိုးရာတွင် စီးပွားရေးတွက်ခြေကိုက်သည့် ငရုတ်သီးစိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ ထိုသို့ စိုက်ပျိုးရာတွင် သီးနှံအမျိုးအစားအလိုက် အထွက်နှုန်းတိုးတက်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အခြေခံစိုက်ပျိုးရေးနည်းပညာများနှင့် သွင်းအားပစ္စည်း သုံးစွဲပုံ အဆင့်ဆင့်ကို တောင်သူများ သိရှိလိုက်နာဆောင်ရွက်နိုင်ရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

"စားဖိုဆောင် သီးနှံတွေထဲမှာ ငရုတ်သီးနှံ စိုက်ပျိုးရေးလုပ်ငန်းအနေနဲ့ ငရုတ်သီးနှံ စိုက်ဧက ၁၃၄၂ ဧက လျာထားစိုက်ပျိုးလျက် ရှိပါတယ်။ ငရုတ်သီးနှံက စျေးကွက်ရှိတဲ့အတွက် တောင်သူတွေက အားထားစိုက်ပျိုးကြတယ်။ တောင်သူတွေ အများဆုံးစိုက်ပျိုးတဲ့ ငရုတ်သီးနှံကတော့ သာမိုး - ၁၁ ငရုတ်မျိုးဖြစ်ပြီး ငရုတ်ပွနဲ့ ကုလားအော်သီး ငရုတ်မျိုးတွေကိုလည်း စိုက်ပျိုးကြပါတယ်။ တောင်သူတွေ စားဖိုဆောင်သီးနှံ စိုက်ပျိုးရာမှာ အခက်အခဲမရှိအောင် GAP စိုက်ပျိုးရေး နည်းစနစ်တွေနဲ့ သွင်းအားစုပစ္စည်းအသုံးပြုပုံ နည်းစနစ်တွေကို တောင်သူပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးထားပါတယ်။ လက်ရှိ ငရုတ်စိုက်ပျိုးပြီးစီးမှုအနေနဲ့ ဧက ၇၀၀ လောက် စိုက်ပျိုးပြီးစီးသွားပြီဖြစ်ပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံ ၃၉၇၁၂ ဧက၊ ဆီထွက်သီးနှံ ၃၁၃၄၇ ဧက၊ စားဖိုဆောင်သီးနှံ ၄၀၇၃ ဧက၊ ဖူးစားပြောင်း ၁၇၈၅ ဧက ၊ ကျွဲနွားတိရစ္ဆာန်အစာ ၁၀၀၇၄ ဧက စုစုပေါင်း ၈၆၉၉၁ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ပြီး နိုဝင်ဘာလကုန်အထိ ၁၄၉၈၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

ဒီဇင်ဘာ ၄ ရက်မှာတော့ ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်း အဆင့်မှ လက်ရှိချန်ပီယံ ပြင်သစ်နဲ့ ပိုလန်၊ နာမည်ကြီး အင်္ဂလန်နဲ့ ဆီနီဂေါ အသင်းတို့ပွဲစဉ်တွေကို ယှဉ်ပြိုင်ကစားသွားမှာပါ။

ကမ္ဘာ့ဖလားပြိုင်ပွဲ (၁၆) သင်းအဆင့်

၄-၁၂-၂၀၂၂			တနင်္ဂနွေနေ့
ပြင်သစ်	-	ပိုလန်	ည ၉နာ၀
အင်္ဂလန်	-	ဆီနီဂေါ	နံနက် ၁နာ၀

❑ *ကျော်ဖိုးမှ*

ကင်မရွန်းအသင်းက ပွဲချိန်ပြည့်ခါနီးတွင် အဘူဘက္ကာ၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့သည်(**အပေါ်ပုံ**)။ သို့သော်လည်း အဘူဘက္ကာ၏ အနိုင်ဂိုးက ကင်မရွန်းအသင်းကို နောက်တစ်ဆင့် ပို့ဆောင်နိုင်ခြင်းတော့ မရှိခဲ့ပေ။

ယခုပွဲစဉ်ရှုံးနိမ့်မှုကြောင့် ဘရာဇီးအသင်းသည် ၁၉၉၈ ခုနှစ်က နော်ဝေအသင်းကို ရှုံးနိမ့်ပြီးနောက်ပိုင်း ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုအဆင့်တွင် ပထမအဆုံးအကြိမ် ရှုံးနိမ့်မှုဖြစ်သည်။

အဆိုပါအုပ်စုမှ ဆားဘီးယားနှင့် ဆွစ်ဇာလန်အသင်းတို့ ပွဲစဉ်တွင် အပြန်အလှန်သွင်းဂိုးများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ဆွစ်ဇာလန်အသင်းက သုံးဂိုး - နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဆွစ်ဇာလန်အသင်းက သုံးပွဲကစား ရမှတ်ခြောက်မှတ်နှင့်အတူ အုပ်စုဒုတိယဖြင့် နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့သည်။

ဆားဘီးယားအသင်းအတွက် သွင်းဂိုးများကို မီထရိုဗစ်နှင့် ဗလာဟိုဗစ်က ပွဲချိန် ၂၆ မိနစ်နှင့် ၃၅ မိနစ်တွင် သွင်းယူပေးခဲ့ပြီး ဆွစ်ဇာလန် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် မိနစ် ၂၀၊ ၄၄ မိနစ်နှင့် ၄၈ မိနစ် တို့တွင် ရာကွိရီ၊ အမ်ဘိုလိုနှင့် ဖောင်လာတို့က သွင်းယူပေးနိုင်ခဲ့သည်။ **ဇော်ဇော်**

လက်ရှိချန်ပီယံ ပြင်သစ်တိုက်စစ် ပိုလန်ကို ဂိုးသွင်းနိုင်မလား . . .

လင်းလက်ကြယ်

ကျိရှဒ် (၃၆နှစ်)
ပြင်သစ် (တိုက်စစ်)
၁၁၆ ပွဲကစား ၅၁ ဂိုးသွင်း

ပြင်သစ် VS ပိုလန်အသင်းအခြေအနေ

ပြင်သစ် - အုပ်စုတွင်းသုံးပွဲမှာ ပြင်သစ်အသင်းရဲ့တိုက်စစ်က ခြောက်ဂိုးအထိ ရရှိထားတာကြောင့် အားရစရာ ကောင်းတယ်။ တူနီးရှားကို ရှုံးနိမ့်ခဲ့တယ်ဆိုပေမယ့် အသင်းကစားပုံ ယိမ်းယိုင်မှုမရှိဘူး။

ပိုလန် - ပိုလန်အသင်းက အုပ်စုတွင်းသုံးပွဲမှာ နှစ်ဂိုးသာ သွင်းယူထားနိုင်တယ်။ အဲဒီ နှစ်ဂိုး စလုံးမှာ လီဝမ်ဒေါစကီး ပါဝင်ပတ်သက်ထားပြီး တစ်ဂိုးဖန်တီးပြီး တစ်ဂိုးသွင်းယူထားနိုင်တယ်။

သုံးသပ်ချက် - ပြင်သစ်တိုက်စစ်မျူး ကျိရှဒ်က ဒီပွဲစဉ်မှာ တစ်ဂိုးရရင် အသင်းရဲ့ ထာဝရ ဂိုးသွင်းအများဆုံးကစားသမားဖြစ်လာမှာပါ။ ဒါပေမယ့် ပိုလန်အသင်းရဲ့ ဂိုးသမား ဆက်ဇီနီကလည်း ယခုနှစ် ကမ္ဘာ့ဖလားမှာ ဂိုးပေါက်ကာကွယ်မှု (၁၉) ကြိမ်နဲ့အတူ အခြား ဂိုးသမားတွေထက် ပိုကာကွယ်ထားနိုင်တယ်။ သို့သော်လည်း တိုက်စစ် ပိုင်းထက်မြက်တဲ့ ပြင်သစ်အသင်း အောင်ပွဲခံနိုင်တယ်။

လီဝမ်ဒေါစကီး (၃၄နှစ်)
ပိုလန် (တိုက်စစ်)
၁၃၇ ပွဲကစား ၇၇ ဂိုးသွင်း

ပြင်သစ်အသင်း အုပ်စုတွင်းကျော်ဖြတ်မှု

ပြင်သစ်	၄-၁	သြစတြေးလျ	၂၃-၁၁-၂၀၂၂
ပြင်သစ်	၂-၁	ဒိန်းမတ်	၂၆-၁၁-၂၀၂၂
တူနီးရှား	၁-၀	ပြင်သစ်	၃၀-၁၁-၂၀၂၂

ပိုလန်အသင်း အုပ်စုတွင်းကျော်ဖြတ်မှု

မက္ကဆီကို	၀-၀	ပိုလန်	၂၂-၁၁-၂၀၂၂
ပိုလန်	၂-၀	ဆော်ဒီအာရေဗျ	၂၆-၁၁-၂၀၂၂
ပိုလန်	၀-၂	အာဂျင်တီးနား	၁-၁၂-၂၀၂၂

ရက်ဖ်ရှ်ဒ် (၂၅ နှစ်)
အင်္ဂလန် (တိုက်စစ်)
၄၉ ပွဲကစား ၁၅ ဂိုးသွင်း

အင်္ဂလန် VS ဆီနီဂေါအသင်းအခြေအနေ

အင်္ဂလန် - ကစားထားတဲ့ခြေစွမ်းအရ အင်္ဂလန်အသင်းအနေနဲ့ အသင်းပရိသတ် လက်ခံနိုင်လောက်တဲ့ အနေအထားအထိ ခြေစွမ်းပြပြီး သွင်းဂိုးတွေ ရယူထားနိုင်တယ်။

ဆီနီဂေါ - ပြိုင်ဘက်အသင်းတွေထက် ထူးခြားပြီး သာလွန်တဲ့ ခြေစွမ်းမျိုး မရှိပေမယ့် လိုအပ်တဲ့နိုင်ပွဲ ကိုတော့ အခက်အခဲကြားထဲက ရယူနိုင်စွမ်း ဆီနီဂေါမှာ ရှိတယ်။ ဒါပေမယ့် အသင်းကြီးနဲ့တွေ့ရင် ရလဒ်မကောင်းတတ်တာ သတိပြုရမယ်။

သုံးသပ်ချက် - အင်္ဂလန်အသင်းက အာဖရိကချန်ပီယံ ဆီနီဂေါ အသင်းထက် ခံစစ်ပိုင်းကျစ်လျစ်ပြီး တိုက်စစ်ပိုင်း ထက်မြက်တယ်။ သို့သော်လည်း ယခင်ပွဲစဉ်တွေက ကြိုးစားအားထုတ်မှုထက်မပိုခဲ့ရင် ပြိုင်ဘက်အသင်းအပေါ် တူပြန်ကစားပုံမာကျောတဲ့ ဆီနီဂေါအသင်းကို အနိုင်ယူဖို့ မလွယ်ဘူး။ အနိုင်ဆိုရင်တော့ အင်္ဂလန်ပါပဲ။

အစ္စမာအီလာဆား (၂၄ နှစ်)
ဆီနီဂေါ (တောင်ပံ)
၅၁ ပွဲကစား ၁၁ ဂိုးသွင်း

အင်္ဂလန်အသင်း အုပ်စုတွင်းကျော်ဖြတ်မှု

အင်္ဂလန်	၆-၂	အီရန်	၂၁-၁၁-၂၀၂၂
အင်္ဂလန်	၀-၀	အမေရိကန်	၂၆-၁၁-၂၀၂၂
ဝေးလ်	၀-၂	အင်္ဂလန်	၃၀-၁၁-၂၀၂၂

ဆီနီဂေါအသင်း အုပ်စုတွင်းကျော်ဖြတ်မှု

ဆီနီဂေါ	၀-၂	နယ်သာလန်	၂၁-၁၁-၂၀၂၂
ကာတာ	၁-၃	ဆီနီဂေါ	၂၅-၁၁-၂၀၂၂
အီကွေဒေါ	၁-၂	ဆီနီဂေါ	၂၉-၁၁-၂၀၂၂

၁၆ သင်းရှုံးထွက်မှာ အမေရိကန်ကို အနိုင်ယူပြီး ကွာတားဖိုင်နယ်သို့ နယ်သာလန် တက်လှမ်း

ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်း ရှုံးထွက်အဆင့်အဖြစ် ဒီဇင်ဘာ ၃ ရက်ညပိုင်း ယှဉ်ပြိုင်ကစားခဲ့သည့် နယ်သာလန်နှင့် အမေရိကန်အသင်းတို့ ပွဲစဉ်တွင် နယ်သာလန်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။

နိုင်ပွဲရရှိရေးအတွက် အဓိကကစားသမားအများစုဖြင့် ပွဲထွက်လာခဲ့သော်လည်း အမေရိကန်အသင်း၏ ခံစစ်ပိုင်းက နယ်သာလန်အသင်း၏ ထိုးဖောက်တိုက်စစ်ဆင်မှု အောက် ပုံစံကောင်းပျောက်ဆုံးခဲ့ရပြီး သွင်းဂိုးများ ခွင့်ပြုပေးခဲ့ရခြင်းဖြစ်သည်။

အမေရိကန်အသင်း၏ ခံစစ်ပိုင်း လူကပ်ကစားပုံ အားနည်းမှုမှ တစ်ဆင့် နယ်သာလန်အသင်း ပွဲချိန် ၁၀ မိနစ်တွင် ဦးဆောင်ဂိုးရရှိခဲ့ပြီး ဒမ်ဖရိုင်းစ်၏ ဖန်တီးမှုမှတစ်ဆင့် ဒီပေးက အပိုင်ပိတ်သွင်းယူနိုင်ခဲ့သည်။ ပထမပိုင်း ပွဲချိန်ပြည့်ခါနီးတွင် နယ်သာလန်အသင်း ဒုတိယဂိုးရရှိခဲ့ပြီး ဒမ်ဖရိုင်းစ်၏ ဖန်တီးမှုမှ ဒါလေဘလင်းက သွင်းယူနိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် အမေရိကန်အသင်း ကစားအားတက်လာပြီး နယ်သာလန်အသင်းဘက်သို့ ဂိုးကန်သွင်းမှု ပိုမိုပြုလုပ်လာနိုင်ပြီး ပွဲချိန် ၇၆ မိနစ်တွင် ချေပဂိုးရရှိခဲ့ရာ ပူလီဆစ်၏ ဖန်တီးမှုမှ ဟာဂျီရိုက်က သွင်းယူပေးခဲ့သည်။ ပွဲချိန် ၈၁ မိနစ်တွင် နယ်သာလန်အသင်းအတွက် အနိုင်ပြတ်သားစေမည့် တတိယဂိုးကို ဘလင်း၏ ဖန်တီးမှုမှ ဒမ်ဖရိုင်းစ်က သွင်းယူပေးခဲ့သည်။

အနိုင်ရရှိသော နယ်သာလန်အသင်းသည် အာဂျင်တီးနားနှင့် သြစတြေးလျအသင်းတို့ပွဲမှ အနိုင်ရရှိမည့်အသင်းနှင့် ကွာတားဖိုင်နယ်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **အောင်ဇော်**

ကမ္ဘာ့ဖလားပြိုင်ပွဲသွင်းဂိုးအများဆုံး သွင်းယူထားသူများ

စဉ်	အမည်	အသင်း	ဂိုး
၁။	ရက်ဖ်ရှ်ဒ်	အင်္ဂလန်	၃
၂။	အမ်ဘာတ်ပီ	ပြင်သစ်	၃
၃။	ဂတ်ပို	နယ်သာလန်	၃
၄။	မိုရာတာ	စပိန်	၃

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ အထက ရွာသာယာ၊ ဧကာဒသမတန်းမှ မအိအိအောင် ၏ ဖခင်အမည်မှန်မှာ ဦးဝင်းဘို ၇/ထတပ(နိုင်)၀၆၅၇၁၆ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ အထက ရွာသာယာ ဧကာဒသမတန်းမှ မမျိုးကေသွယ်၏ ဖခင်အမည်မှန်မှာ ဦးမြည်မိုး ၇/ထတပ(နိုင်)၀၁၉၉၉၁ ဖြစ်ပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/72442 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝါဝင်းထိုက်ကျော် ၁၄/မအပ(နိုင်)၂၀၄၀ ၇၇ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့် ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မအူပင်)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 16U/8807 ယာဉ်လက်ဝယ်ရှိသူ ဦးကောသလ္ လ ၁၄/ကလန(သ)၀၀၀၀၀၈ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့် ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မအူပင်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နေပြည်တော် လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင်အောက်ဖော်ပြပါ (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူးနေရာများလစ်လပ်နေပါ၍ သတ်မှတ်အရည်အချင်းနှင့်ပြည့်မီသူများလျှောက်ထားနိုင်ပါသည်-

(က) အငယ်တန်းအင်ဂျင်နီယာ(၂)	(၁၀) နေရာ
(ခ) ရုပ်သံကျွမ်းကျင်(၂)	(၃၆) နေရာ
(ဂ) ရုပ်သံကျွမ်းကျင်(၂)(တိုင်းရင်းသား) (ကချင်၊ ကယား၊ စကောကရင်၊ အရှေ့ပိုးကရင်၊ အနောက်ပိုးကရင်၊ ချင်း(ချိုး)၊ ချင်း(လိုင်ဒိုး)၊ ရှမ်း၊ 'ဝ')	(၇) နေရာ
(ဃ) အသံလွှင့်ကျွမ်းကျင်(၂)	(၂) နေရာ
(င) အသံလွှင့်ကျွမ်းကျင်(၂)(တိုင်းရင်းသား) (ကချင်၊အရှေ့ပိုးကရင်၊ ချင်း(ချိုး)၊ ချင်း(လိုင်ဒိုး)၊ ဓနု၊ 'ဝ'၊ ကိုးကန့်)	(၁၂) နေရာ
(စ) ရုပ်သံကျွမ်းကျင်(၂) Myanmar International	(၆) နေရာ

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) (၃၀-၁၁-၂၀၂၂)ရက်နေ့တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(ဂ) ကျန်းမာရေးကောင်းမွန်၍ အအေးခန်းတွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဃ) ရွေးချယ်ခြင်းခံရသူများသည်အမြဲတမ်း ဝန်ထမ်းအဖြစ်အနည်းဆုံး (၅)နှစ်တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း ဝန်ခံကတိလက်မှတ် ရေးထိုးနိုင်ရမည်။

(င) နေရာဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ ခေါ်ယူမည့်ရာထူးအတွက်သတ်မှတ်ချက်များ

(က) အငယ်တန်းအင်ဂျင်နီယာ(၂)ရာထူးအတွက်

- ME, BE, B-Tech, A.G.T.I.(EP/ EC/ IT/ Mechatronics), M.Sc(Phys;), B.Sc(Phys;)ရရှိပြီးသူဖြစ်ရမည်။
- ကွန်ပျူတာအခြေခံကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။
- Audio/ Video/ Editing ဘာသာရပ်များနှင့် Media သင်တန်းတက်ရောက်ပြီးသူများဦးစားပေးမည်။

(ခ) ရုပ်သံကျွမ်းကျင်(၂) ရာထူးအတွက်

- ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ B.A(Journalism), B.A(Myan;), B.A(Eng;), M.A(Eng;) (သို့) B.A(EPP), Diploma in English Language Teaching, Diploma in Global English, Diploma in SEAMEO English အောင်မြင်ပြီးသူများနှင့်အင်္ဂလိပ်ဘာသာရေး/ ဖတ်/ ပြောကျွမ်းကျင်သူဦးစားပေးမည်။
- ကွန်ပျူတာအခြေခံရှိရမည်။
- မြန်မာစာ၊မြန်မာစကားဆိုင်ရာဗဟုသုတနှင့်သတင်းအကြောင်းအရာများကိုစိတ်ပါဝင်စားသူများ ဦးစားပေးမည်။
- ရုပ်ရည်ရှုပကာရောမောပေပြစ်ရမည်။ အသံသြဇာပြည့်စုံကောင်းမွန်ပီသစွာပြောဆိုနိုင်ရမည်။ ဘာသာပြန်နိုင်သူ(သို့) English စာစိတ်ဝင်စားသူဖြစ်ရမည်။

(ဂ) ရုပ်သံကျွမ်းကျင်(၂)(တိုင်းရင်းသား(ကချင်၊ ကယား၊ စကောကရင်၊ အရှေ့ပိုးကရင်၊အနောက်ပိုးကရင်၊ ချင်း(ချိုး)၊ ချင်း(လိုင်ဒိုး)၊ ရှမ်း၊ 'ဝ') ရာထူးအတွက်

- ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။
- အနည်းဆုံးပညာအရည်အချင်းမှာအခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- မြန်မာဘာသာမှသက်ဆိုင်ရာတိုင်းရင်းသားဘာသာသို့ကျွမ်းကျင်စွာဘာသာပြန်ဆိုရေးသားနိုင်ခြင်း၊တိုင်းရင်းသားဘာသာစကားအားကျွမ်းကျင်စွာပြောဆိုနိုင်ခြင်းရှိရမည်။

(ဃ) အသံလွှင့်ကျွမ်းကျင်(၂)ရာထူးအတွက်

- ဘွဲ့ရရှိပြီးသူဖြစ်ရမည်။B.A(Journalism), B.A(Myan;), M.A(Myan;), B.A(Eng;), M.A(Eng;) (သို့) B.A(EPP), Diploma in English Language Teaching, Diploma in Global English, Diploma in SEAMEO English အောင်မြင်ပြီးသူများနှင့်အင်္ဂလိပ်ဘာသာရေး/ဖတ်/ပြောကျွမ်းကျင်သူဦးစားပေးမည်။
- ကွန်ပျူတာအခြေခံရှိရမည်။
- မြန်မာစာ၊မြန်မာစကားဆိုင်ရာဗဟုသုတနှင့်သတင်းအကြောင်းအရာများကိုစိတ်ပါဝင်စားသူများ၊ မြန်မာဘာသာမှအင်္ဂလိပ်ဘာသာသို့လည်းကောင်း၊ အင်္ဂလိပ်ဘာသာမှမြန်မာဘာသာသို့လည်းကောင်း ဘာသာပြန်နိုင်သူဦးစားပေးမည်။ ကိုယ်တိုင်စာမူရေးသားနိုင်သူဖြစ်ရမည်။အသံသြဇာပြည့်စုံကောင်းမွန်ပီသစွာပြောဆိုနိုင်ရမည်။အသံအရည်အသွေးပိုင်းဆိုင်ရာနားလည်နိုင်သူဖြစ်ရမည်။

(င) အသံလွှင့်ကျွမ်းကျင်(၂)(တိုင်းရင်းသား(ကချင်၊ အရှေ့ပိုးကရင်၊ ချင်း(ချိုး)၊ ချင်း(လိုင်ဒိုး)၊ဓနု၊'ဝ'၊ ကိုးကန့်)ရာထူးအတွက်

- ဘွဲ့ရရှိပြီးသူဖြစ်ရမည်။အနည်းဆုံးပညာအရည်အချင်းမှာအခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- မြန်မာဘာသာမှသက်ဆိုင်ရာတိုင်းရင်းသားဘာသာသို့ကျွမ်းကျင်စွာဘာသာပြန်ဆိုရေးသားနိုင်ခြင်း၊တိုင်းရင်းသားဘာသာစကားအားကျွမ်းကျင်စွာပြောဆိုနိုင်ခြင်းရှိရမည်။

(စ) ရုပ်သံကျွမ်းကျင်(၂)ရာထူး၊ Myanmar International အတွက်

- B.A(English)၊M.A(English)၊ B.A(Journalism)ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။B.A(EPP), Diploma in English Language Teaching, Diploma in Global English, Diploma in SEAMEO English အောင်မြင်ပြီးသူများနှင့်အင်္ဂလိပ်ဘာသာရေး/ဖတ်/ပြောကျွမ်းကျင်သူကိုဦးစားပေးမည်။B.A (သို့မဟုတ်) B.Scဘွဲ့တစ်ခုခုရရှိပြီး (TOEFL Marks – 500 / IELTS Level – 6) အဆင့်ရှိသူဦးစားပေးမည်။
- ကွန်ပျူတာအခြေခံရှိရမည်။
- မြန်မာနှင့်နိုင်ငံတကာဗဟုသုတ၊သတင်းအကြောင်းအရာများကိုစိတ်ပါဝင်စားသူများဦးစားပေးမည်။ရုပ်ရည်ရှုပကာရောမောပေပြစ်ရမည်။အသံသြဇာပြည့်စုံကောင်းမွန်ပီသစွာပြောဆိုနိုင်ရမည်။

၄။ အရည်အချင်းပြည့်မီသူများကိုရွေးချယ်ခန့်ထားရေးအတွက်အရည်အချင်းစစ်ဆေးရေးစာမေးပွဲများရေးဖြေ (မြန်မာစာ၊အင်္ဂလိပ်စာ၊အထွေထွေဗဟုသုတ) နှင့်လူတွေ့,ကိုရန်ကုန်/တပ်ကုန်းတို့တွင်ဖြေဆိုရမည်ဖြစ်ပြီးလျှောက်လွှာများကို ကိုယ်ရေးရာဇဝင်အကျဉ်းနှင့်အောက်ပါစာရွက်စာတမ်းများပူးတွဲလျက်မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊နေပြည်တော်-တပ်ကုန်းသို့(၃၁-၁-၂၀၂၃)ရက်နေ့နောက်ဆုံးထားရှိအရောက်ပေးပို့ရမည်။ (စာတိုက်မှသော်လည်းကောင်း၊ တိုက်ရိုက်ပို့၍သော်လည်းကောင်းနောက်ကျမှရောက်ရှိလာသော လျှောက်လွှာများနှင့်ပြည့်စုံမှုမရှိသောလျှောက်လွှာများအားထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)

(က) ကိုယ်ရေးရာဇဝင်အကျဉ်း (လက်ရှိနေထိုင်လျက်ရှိသည့်လိပ်စာနှင့်ဆက်သွယ်ရန်ဖုန်းနံပါတ်များထည့်သွင်းရန်)

(ခ) ဘွဲ့လက်မှတ်မိတ္တူ/ရာထူးများအလိုက်သတ်မှတ်ထားသည့်ပညာအရည်အချင်းမိတ္တူ

(ဂ) ဒီပလိုမာအောင်လက်မှတ်များရှိပါကမိတ္တူ

(ဃ) အသက်အထောက်အထားအတွက်အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူနှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(င) သက်ဆိုင်ရာမြို့နယ်ရဲစခန်းမှလျှောက်လွှာပိတ်ရက်မတိုင်မီ (၃)လအတွင်းရရှိထားသည့်ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်မူရင်း

(စ) လိုင်စင်ဓာတ်ပုံ(၂)ပုံ (ဓာတ်ပုံနောက်ကျောတွင်အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)

(ဆ) အလုပ်သမားမှတ်ပုံတင်မိတ္တူ

(ဇ) ဝင်ကြေးငွေကျပ်၂၀၀၀/-ပေးသွင်းသည့်ချလန်မူရင်း (သို့မဟုတ်) စာတိုက်ငွေပို့လွှာ (Money Order)ပြေစာမူရင်း

၅။ စာမေးပွဲဝင်ကြေးငွေကျပ်၂၀၀၀/- ကိုမြန်မာ့စီးပွားရေးဘဏ်၊ တပ်ကုန်းဖြို့ငွေစာရင်းအမှတ်၊အမ်ဒီ - ၀၁၀၃၉၀သို့လည်းကောင်း၊ ရန်ကုန်မြို့အတွက်မြန်မာ့စီးပွားရေးဘဏ်၊ကမာရွတ်ငွေစာရင်းအမှတ်၊အမ်ဒီ - ၀၁၀၆၆၉သို့လည်းကောင်း၊ ကျန်ပြည်နယ်/ တိုင်းဒေသကြီးများအတွက်ညွှန်ကြားရေးမှူးချုပ်၊မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊နေပြည်တော်-တပ်ကုန်းသို့လိပ်မူ၍သက်ဆိုင်ရာစာတိုက်(သို့) အမြန်ချောပို့များမှတစ်ဆင့်ဤဌာနသို့ငွေပို့လွှာ (Money Order)ဖြင့်ပူးတွဲ၍လည်းကောင်းပေးပို့ရပါမည်။

၆။ သတ်မှတ်ချက်ကိုကျေညည့်သည့်လျှောက်လွှာများအားစိစစ်၍ရေးဖြေစာမေးပွဲဖြေဆိုရမည့်နေ့,ရက်၊အချိန်,နေရာတို့ကိုသတင်းစာများမှထပ်မံကြေညာပေးမည်ဖြစ်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါကမြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်-တပ်ကုန်း၊တယ်လီဖုန်းအမှတ်၊၀၆၆-၈၀၇၉၁၈၈၅သို့ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် (၂၂)ကြိမ်မြောက်(နေ့သင်တန်း)နှင့် ပထမအကြိမ် (အဝေးသင်သင်တန်း) ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း

၁။ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်(နေ့သင်တန်း)မှ(၂၀၁၉-၂၀၂၀) ပညာသင်နှစ်၊ (၂၀၂၁-၂၀၂၂)ပညာသင်နှစ် မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ မဟာဥပဒေဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဂုဏ်ထူးဘွဲ့၊ ဥပဒေဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့ စာမေးပွဲအောင်မြင်ထားသူများအတွက် (၂၂)ကြိမ်မြောက်(နေ့သင်တန်း)ဘွဲ့နှင်းသဘင်နှင့် အဝေးသင်သင်တန်းမှ ၂၀၁၉ ပညာသင်နှစ်၊ ၂၀၂၀ ပညာသင်နှစ် ဥပဒေဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့ စာမေးပွဲအောင်မြင်ထားသူများအတွက် ပထမအကြိမ်(အဝေးသင်သင်တန်း)ဘွဲ့နှင်းသဘင်သို့ တက်ရောက်ဘွဲ့ (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာများ တင်သွင်းလျှောက်ထားနိုင်ပါသည်။

၂။ ဘွဲ့နှင်းသဘင် လျှောက်လွှာပုံစံများကို မိမိတို့ဖြေဆိုအောင်မြင်ခဲ့သည့်ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်စာမေးပွဲနှင့်ဘွဲ့နှင်းဌာန(နေ့သင်တန်း)နှင့်အဝေးသင်ဌာန(အဝေးသင်သင်တန်း)တို့တွင်ရယူနိုင်ပါသည်။ ဘွဲ့နှင်းသဘင် လျှောက်လွှာတင်သွင်းခြင်းကို (၅-၁၂-၂၀၂၂)မှ(၂၀-၁၂-၂၀၂၂)ရက်နေ့အထိ (စနေ၊ တနင်္ဂနွေ အပါအဝင်) ဆောင်ရွက်ကြရမည်ဖြစ်သည်။

၃။ သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် လွန်ခဲ့သည့် (၃)လအတွင်း ရိုက်ကူးထားသည့် (၂ လက်မ x ၁ လက်မခွဲ)အရွယ်ဓာတ်ပုံ(၃)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ(သို့မဟုတ်)ထောက်ခံစာမိတ္တူ၊ နောက်ဆုံးနှစ်ကျောင်းသားကတ်မိတ္တူတို့နှင့်အတူလျှောက်ထားကြရမည်ဖြစ်ပါသည်။

၄။ ဘွဲ့နှင်းသဘင်တက်ရောက်မည် (သို့မဟုတ်) အဝေးရောက်ယူမည်ကို တိကျစွာဖော်ပြကြရမည်။ တက်ရောက်၍ဘွဲ့ယူမည်ဟု လျှောက်ထားပြီးမှ တက်ရောက်ရန် ပျက်ကွက်ပါက ဘွဲ့နှင်းသဘင်ကျင်းပပြီးသည့်နေ့မစ၍ (၆)လကြာမြင့်ပြီးမှသာ ဘွဲ့လက်မှတ်များကို ထုတ်ပေးမည်ဖြစ်ပြီး အဝေးရောက်ဘွဲ့လက်မှတ်များကိုမူ ဘွဲ့နှင်းသဘင်ကျင်းပပြီး သည့်နောက်ပိုင်းမှစ၍ထုတ်ပေးသွားမည်ဖြစ်ပါသည်။

၅။ ဘွဲ့လျှောက်ထားရာတွင် တင်သွင်းရမည့် ဓာတ်ပုံများသည် သပ်ရပ်စွာ ဝတ်ဆင်၍ ရိုက်ကူးထားသော ဓာတ်ပုံများဖြစ်ရမည်။

၆။ အစမ်းလေ့ကျင့်ပွဲနှင့်ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်သူများသည်မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်လျော်ညီသော မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံ (အမျိုးသား) နှစ်သက်ရာဝတ်စုံကို အပြည့်အစုံ ဝတ်ဆင်၍ တက်ရောက်ရမည်။ မြန်မာ့ယဉ်ကျေးမှုနှင့် မဆီလျော်သည့် ဝတ်စားဆင်ယင်မှုများကို လုံးဝခွင့်ပြုမည် မဟုတ်ပါ။

၇။ ဘွဲ့နှင်းသဘင်ကြေးမှာတက်ရောက်ဘွဲ့-၁၅၀၀/-(ကျပ်တစ်ထောင့်ငါးရာတိတိ)၊ အဝေးရောက်ဘွဲ့ - ၁၀၀၀/- (ကျပ်တစ်ထောင်တိတိ) ဖြစ်ပါသည်။ ဘွဲ့နှင်းသဘင်ကြေးကို ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ငွေလက်ခံဌာနတွင် ဖြစ်စေ၊ ရပ်ဝေးမှ ပေးပို့လိုသူများအနေဖြင့် စာတိုက်ငွေပို့လွှာ (Postal Money Order) ဖြင့်ဖြစ်စေ ပါမောက္ခချုပ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်သို့ လိပ်မူ၍ ပေးသွင်းနိုင်ပါသည်။ ငွေပို့လွှာတွင် ဘွဲ့နှင်းသဘင်ကြေးဟုဖော်ပြပြီး လျှောက်လွှာရှင်၏ အမည်၊ ဘွဲ့ရစာမေးပွဲ ခုံအမှတ်၊ အောင်မြင်ခဲ့သည့် ဘွဲ့၊ ခုနှစ်၊ လ၊ ပညာသင်နှစ်၊ အထူးပြုဘာသာရပ်နှင့် နေရပ်လိပ်စာအပြည့်အစုံတို့ကို တိကျစွာဖော်ပြကြရမည်။ (ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။)

၈။ ယခင်နှစ်များက ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံ မတင်သွင်းခဲ့ကြသူများသည်လည်း အဝေးရောက်အနေဖြင့်သာလျှောက်ထားနိုင်ပါသည်။

၉။ ဘွဲ့နှင်းသဘင်ကျင်းပမည့် အစီအစဉ် အသေးစိတ်ကို ထပ်မံကြေညာပါမည်။

၁၀။ အသေးစိတ်အချက်အလက်များကိုရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာန (နေ့သင်တန်း)နှင့် အဝေးသင်ဌာန (အဝေးသင်သင်တန်း) သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

မေဝင်းဆွေငယ်
(မော်ကွန်းထိန်း ၊ စာမေးပွဲနှင့်ဘွဲ့နှင်း)
ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်

2023 All Thailand ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် မြန်မာနိုင်ငံမှ Professional ကစားသမားများ လက်ရည်စစ်ပွဲအောင်မြင်

ရန်ကုန် ဒီဇင်ဘာ ၃

2023 All Thailand ဂေါက်သီးရိုက်ပြိုင်ပွဲ လက်ရည်စစ်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ Professional ကစားသမားများဖြစ်သည့် ရဲထက်အောင်၊ သီဟဌေး၊ အောင်ဆန်းမျိုးနှင့် ကျော်သက်ဦးတို့သည် လက်ရည်စစ်ပွဲ အောင်မြင်ပြီး 2023 All Thailand ဂေါက်သီးရိုက်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့သည်။

လက်ရည်စစ်ပွဲကို အဆင့်နှစ်ဆင့်ခွဲ၍ ကျင်းပခဲ့ပြီး ပထမအဆင့် လက်ရည်စစ်ပြိုင်ပွဲကို နိုဝင်ဘာ ၂၂ ရက်မှ ၂၅ ရက်အထိ ထိုင်းနိုင်ငံ Kabinburi Sport Club, Prachinburi ၌ ကျင်းပခဲ့ပြီး မြန်မာနိုင်ငံမှ ဘိုဘိုလေး၊ ဇော်ဇော်လတ်၊ သီဟဌေး စိုးမိုးဝင်းနှင့် ရန်မျိုးအေးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကာ ဘိုဘိုလေးက စုစုပေါင်းရိုက်ချက် ၂၈၉ ချက်၊ ဇော်ဇော်လတ်က စုစုပေါင်းရိုက်ချက် ၂၉၀ နှင့် သီဟဌေးက စုစုပေါင်းရိုက်ချက် ၂၉၉ ချက်တို့ဖြင့် ပထမအဆင့် လက်ရည်စစ်ပွဲ အောင်မြင်ပြီး နောက်ဆုံးအဆင့် လက်ရည်စစ်ပွဲ ယှဉ်ပြိုင်ခွင့်ရခဲ့သည်။ 2023 All Thailand ဂေါက်သီးရိုက်ပြိုင်ပွဲ လက်ရည်စစ်ပွဲ နောက်ဆုံးအဆင့်ကို နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ ထိုင်းနိုင်ငံ Watermill Golf Club & Resort, Nakhon Nayok တွင် ကျင်းပခဲ့ပြီး မြန်မာနိုင်ငံမှ ရဲထက်အောင်၊ သီဟဌေး၊ အောင်ဆန်းမျိုး၊ ကျော်သက်ဦး၊ ဇော်ဇော်လတ်နှင့် ဘိုဘိုလေးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ လက်ရည်စစ်ပွဲအပြီးတွင် ရဲထက်အောင်က စုစုပေါင်းရိုက်ချက် ၂၈၆ ချက်ဖြင့် အဆင့် ၂၀ တွင်လည်းကောင်း၊ သီဟဌေးက စုစုပေါင်းရိုက်ချက် ၂၈၇ ချက်ဖြင့် အဆင့် ၂၂ တွင်လည်းကောင်း၊ အောင်ဆန်းမျိုးနှင့် ကျော်သက်ဦးက စုစုပေါင်းရိုက်ချက် ၂၈၈ ချက်ဖြင့် အဆင့် ၂၇ နေရာတွင်လည်းကောင်း ရပ်တည်ကာ နောက်ဆုံးအဆင့် လက်ရည်စစ်ပွဲ အောင်မြင်ခဲ့ခြင်းဖြစ်သည်။ လက်ရည်စစ်ပွဲတွင် နိုင်ငံပေါင်း ၁၅ နိုင်ငံမှ ပထမအဆင့်တွင် ကစားသမား ၁၄၃ ဦးနှင့် နောက်ဆုံးအဆင့်တွင် ၁၂၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ပြီး ၄၃ ဦးသာ လက်ရည်စစ်ပွဲအောင်မြင်ခြင်းဖြစ်သည်။ ထို့ကြောင့် မြန်မာပရော်ဖက်ရှင်နယ် ကစားသမားလေးဦးသည် လက်ရည်စစ်ပွဲအောင်မြင်ပြီး 2023 All Thailand ဂေါက်သီးရိုက်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့သည်။

ယခု လက်ရည်စစ်ပွဲအောင်မြင်ခဲ့သော ကစားသမားများသည် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (Myanmar Golf Tour) များတွင် ဆုရရှိခဲ့သော ကစားသမားများ ဖြစ်ကြောင်း သိရသည်။

ကိုညီလေး

အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့၊ ၇ လမ်းနေ ဦးနန္ဒ ၁၄/ကလန(နိုင်)၁၅၅၁၁ ၏ သမီး အထက(၁) Gread-1(A)မှ မယွန်းမိမိစံ အား မလွင်နန္ဒဝေ ဟု ပြောင်းလဲခေါ်ပါရန်။

မလွင်နန္ဒဝေ

ယူ-၁၈ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဒီဇင်ဘာ ၅ ရက်စတင်မည်

နေပြည်တော် ဒီဇင်ဘာ ၃

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) ယူ-၁၈ အမျိုးသမီးဘောလုံးပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အသင်းအုပ်ချုပ်သူများနှင့် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ၌ ကျင်းပသည်။

